# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထိမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေ သကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန် များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday, 1 December 2023 ၁၁၂၉၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

# နိုင်ငံတော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် အသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်



**နေပြည်တော် နိုဝင်ဘာ ၃၀**

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်း ရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျား နိုင်ပြီး နောက် ၁၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း တဖြည်းဖြည်းအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ


**ယနေ့ ဖတ်စရာ**

**ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် Aquarius Day ဖိုရမ် ကျင်းပ**
စာမျက်နှာ » ၄

**“စာဆိုတော်နေ့”ဟု ဆိုရာဝယ် . . . .**
ဆောင်းပါး စာမျက်နှာ » ၆

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး**
ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# နယ်မြေတည်ငြိမ်အေးချမ်းရေး စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လက်နက်ကိုင်သောင်းကျန်းမှုများသည် လွတ်လပ်ရေးနှင့်အတူ စတင်ဖြစ်ပေါ်ခဲ့သော သမိုင်းဆိုးမွေဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်တွင် တပ်မတော်က ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများကို စစ်ဆင်ရေးပေါင်းမြောက်မြားစွာဖြင့် ထိရောက်စွာချေမှုန်းနိုင်ခဲ့သည်။ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ အထိနာပြီးနောက် ဝေးလံသော နယ်စွန်နယ်ဖျားဒေသများ၌သာ ရပ်တည်နိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရကို အကူအညီပေးရန် ကမ်းလှမ်းလာခဲ့သည်။ နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးစုများ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေး၊ မူးယစ်ဆေးဝါးပပျောက်စေရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးရရှိစေရန် ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရန်အတွက် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခြင်းကို လက်ခံခဲ့သည်။ အပစ်အခတ်ရပ်စဲခဲ့ကြသည်။

သို့သော် နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများအား တစ်ဖက်နိုင်ငံသို့ တရားမဝင် ပို့ဆောင်ရောင်းချခြင်းများပြုလုပ်၍ လက်နက်ခဲယမ်းစက်ရုံများတည်ဆောက်ခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ပြီး အင်အားကြီးမားလာအောင် ပြုလုပ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို အကြောင်းပြု၍ အစွန်းရောက်လူငယ်များကို စစ်ရေးလေ့ကျင့်ပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်း၊ တပ်ဖွဲ့များ ဖွဲ့စည်းပေးခြင်းနှင့် ပူးပေါင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ပြီးခဲ့သည့်လအတွင်းက ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းဒေသအချို့တွင် MNDAA၊ TNLA၊ AA လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့က ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် KIA လက်နက်ကိုင်အဖွဲ့ကလည်း AA ၊ PDF တို့နှင့် နယ်မြေဒေသအချို့ကို တိုက်ခိုက်လာကြသကဲ့သို့ KNPP/KNDF နှင့် KNU လက်နက်ကိုင်အဖွဲ့အချို့ကလည်း PDF အမည်ခံ အကြမ်းဖက်သမားများနှင့် နယ်မြေဒေသအချို့ကို တိုက်ခိုက်လာကြသည်။ အဆိုပါ လက်နက်ကိုင်သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များသည် သာလွန်အင်အားစုစည်းခြင်းနှင့် နည်းပညာသာလွန်မှုကိုအသုံးချ၍ စစ်သုံးအဆင့် ဒရုန်းဗုံးများဖြင့် တိုက်ခိုက်လာကြသည်ကို တွေ့ရသည်။

ယခုဖြစ်စဉ်ကို ကြည့်မည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ နောက်ကွယ်တွင် အင်အားစုစည်းတည်ဆောက်ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ အပြိုင်အဆိုင်ထုတ်လုပ်ခြင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်တန်းပေးခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ ရောင်းချပေးခြင်း၊ ပါဝင်တိုက်ခိုက်စေခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ပြီး ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အဖျက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်ကပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် တာဝန်ရှိသည့်အတွက် သောင်းကျန်းသူချေမှုန်းရေးကို ဖိဖိစီးစီး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်ရေးတို့အတွက်ကိုလည်း တပ်မတော်သားများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း" ပြောကြားခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းဖြစ်သည်ဟူသော နိုင်ငံတော်အစိုးရ၏ ထားရှိသည့် စေတနာကိုဖျက်ဆီး၍ ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်သည့်လုပ်ရပ်များကို လုပ်ကိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့သည် ဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့်ဒေသများဖြစ်သည်။ ယခုဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် အဆိုပါပြည်နယ်များရှိ ပညာရေးမှာ ရပ်တန့်သွားခဲ့ရသည်။ ပညာရေးတွင်သာမက ဖွံ့ဖြိုးရေးတွင်ပါ နောက်ကျသွားခဲ့ရသည်။ ဒီမိုကရေစီစနစ်တွင် ပညာတတ်များပေါ်များရန်အချက်ကို ဖျက်ဆီးခဲ့ကြသည်။ တိုင်းရင်းသားပြည်သူများ၏ မိမိဒေသတွင် အေးချမ်းစွာ အသက်မွေးဝမ်းကျောင်းရှာဖွေမှုများကို ဖျက်ဆီးခဲ့ကြသည်။ ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းလာရေးကို နှောင့်ယှက်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိအောင် အလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ပြည်သူများနှင့် တစ်သားတည်း လက်တွဲကာ ခိုင်ခိုင်မာမာတည်ဆောက်နိုင်ရန်အတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာဝပြောရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။
★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် (၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




သွေးလှူဒါန်းရာသို့ ရန်ကုန်အမျိုးသားသွေးဌာနမှ တာဝန်ရှိသူများက လာရောက်ရယူပေးကြသည်။ သွေးလှူဒါန်းရာသို့ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးအပါအဝင် တိုင်းဒေသကြီးအတွင်းရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ၆၈ ဦး လာရောက်လှူဒါန်းကြပြီး (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းဦး(တာမွေ)နှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **တင်ဝင်းတင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၂၇၄ | ၂,၃၈၆,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၀၄၄ | ၃,၀၂၇,၆၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၁ | ၇,၁၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁,၅၈၂ | ၂,၄၇၇,၂၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၃၀၃ | ၆၀၆,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၁ | ၁၀၂,၉၀၀ |
| MAEX | ၁,၆၅၀ | ၁,၆၅၀ | ၄,၆၀၈ | ၇,၆၀၃,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။

**အဆင့်ဆင့်စိစစ်ရခြင်းဖြစ်**

အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း ဥပဒေတွင်ပါရှိသည့် ရငွေလျာထားချက်များအပြင် ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံရရှိနိုင်သည့် ရငွေများရှိသည်ကို တွေ့ရကြောင်း၊ အလားတူ ဥပဒေတွင်ပါရှိသည့် သုံးငွေများအပြင် မဖြစ်မနေ ထပ်မံသုံးစွဲရန် လိုအပ်သည့် အသုံးစရိတ်များလည်း ရှိနိုင်ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆင့်ဆင့် စိစစ်ရခြင်းဖြစ်ပြီး တောင်းခံထားသည့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲသွားရမည်ဖြစ်ကြောင်း။

ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် ဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆင့်ဆင့် စိစစ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းထားသည့် "ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ " ကလည်း နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ စနစ်တကျ စိစစ်ထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် အသုံးစရိတ်များကို စနစ်တကျ စိစစ်သုံးစွဲလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက် တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း **"မိုခါ"**ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေး အသုံးစရိတ်များ အပါအဝင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးရမှုများအတွက် အသုံးစရိတ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ သင့်လျော်မည့် အသုံးစရိတ်များကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးကို အထောက်အကူပြုစေနိုင်ရန် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ အပိုထောက်ပံ့ကြေး ခံစားနိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း။

**အဓိကတောင်းခံထား**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တင်ပြချက်အရ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့်အခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး၊ လုံခြုံရေးဆိုင်ရာ အသုံးစရိတ်များ၊ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် တည်ဆောက်ရေးလုပ်ငန်းများ စသည်တို့အတွက် အဓိက တောင်းခံထားသည်ကို တွေ့ရှိရကြောင်း၊ အဆင့်ဆင့် စိစစ်သည့် အချိန်တွင်လည်း အသုံးစရိတ်အမျိုးအစားအလိုက် အနည်းဆုံး လိုအပ်ချက်ဖြစ်စေရန် စိစစ်ထားပြီးဖြစ်ကြောင်း။


၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေ ငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်းအခြေအနေကို ကြည့်ပါက တစ်နိုင်ငံလုံး၏ ဂျီဒီပီ တန်ဖိုးသည် ငွေကျပ်ဘီလီယံပေါင်း ၁၃၈၁၉၅ ဒသမ ၇၀၃ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ သာမန်ငွေလုံးငွေရင်း ကြွေးမြီများနှင့်ပတ်သက်သည့် ပိုငွေ၊ လိုငွေ နှိုင်းယှဉ်ချက်အနေဖြင့် ဂျီဒီပီနှင့် လိုငွေ နှိုင်းယှဉ်ချက်သည် ပမာဏအားဖြင့် ၅ ဒသမ ၆၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းကို သက်ဆိုင်ရာစိစစ်ရေး အဖွဲ့အဆင့်ဆင့်က စစ်ဆေးပြီးသည့်အခါ နောက်ဆုံးအနေဖြင့် ကျန်ရှိသည်မှာ ဂျီဒီပီ ပြောင်းလဲမှုမရှိသော်လည်း လိုငွေနှင့် ဂျီဒီပီ အချိုးသည် ၅ ဒသမ ၆၅ မှ ၅ ဒသမ ၃၁ ရာခိုင်နှုန်း အထိ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

**ဆက်လက်တင်ပြသွားမည်**

ထို့ကြောင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ခွဲဝေချထားပေးသည့် ဘဏ္ဍာရန်ပုံငွေများကို နယ်မြေဒေသအခြေအနေအရ ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ယခုအစည်းအဝေးတွင် ထပ်မံတင်ပြပေးရန်နှင့် ရငွေထပ်မံတိုးလာနိုင်သည့် ကိစ္စများ၊ စိစစ်ပြီးခွင့်ပြုငွေများထဲမှ ထပ်မံလျှော့ချလိုသည့် အသုံးစရိတ်များရှိပါက ပွင့်လင်းစွာ တင်ပြကြရန်လိုကြောင်း၊ ယနေ့အစည်းအဝေးတွင် အတည်ပြုပြီးသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် ထပ်မံဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအလိုက် ကော်မတီများက အဆင့်ဆင့် စိစစ်ပြီးသည့် အချက်အလက်များအပေါ် ထပ်မံတင်ပြလိုသည်များရှိပါက ယနေ့အစည်းအဝေးတွင် တင်ပြပေးရန်နှင့် လျှော့ချနိုင်သည့် ငွေပမာဏ အသုံးစရိတ်များရှိပါကလည်း ဆက်လက်တင်ပြ ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ငွေစာရင်းများ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု၊ ထိုသို့ စိစစ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် လတ်တလော နယ်မြေဒေသ အခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲရှိခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် အချိန်အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်းနည်းပါးခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲနိုင်မည့် အခြေအနေတို့နှင့် အထွေထွေ ပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲနိုင်မည့် အရေးကြီးလုပ်ငန်းများ အခြေအနေတို့အပေါ် မူတည်ပြီး အဓိကထား ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများအား စိစစ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြု ငွေစာရင်းများကိုလည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေ စာရင်းများနှင့် စပ်လျဉ်းသည့် စာရင်း စစ်ဆေးခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။




၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

ယင်းနောက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❖ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း အခြေအနေကိုကြည့်ပါက တစ်နိုင်ငံလုံး၏ ဂျီဒီပီတန်ဖိုးသည် ငွေကျပ်ဘီလီယံပေါင်း ၁၃၈၁၉၅ ဒသမ ၇၀၃ ဖြစ်သည်ကို တွေ့ရှိရ

❖ သာမန် ငွေလုံးငွေရင်းကြွေးမြီများနှင့်ပတ်သက်သည့် ပိုငွေ၊ လိုငွေ နှိုင်းယှဉ်ချက်အနေဖြင့် ဂျီဒီပီနှင့် လိုငွေ နှိုင်းယှဉ်ချက်သည် ပမာဏအားဖြင့် ၅ ဒသမ ၆၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရ

❖ ယင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့ အဆင့်ဆင့်က စစ်ဆေးပြီးသည့်အခါ နောက်ဆုံးအနေဖြင့် ကျန်ရှိသည်မှာ ဂျီဒီပီ ပြောင်းလဲမှုမရှိသော်လည်း လိုငွေနှင့် ဂျီဒီပီ အချိုးသည် ၅ ဒသမ ၆၅ မှ ၅ ဒသမ ၃၁ ရာခိုင်နှုန်း အထိ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရ

# ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် Aquarius Day ဖိုရမ် ကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် Aquarius နည်းပညာကုမ္ပဏီ၏ ထုတ်ကုန်များကို ပိုမိုနားလည်စေရန် ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် Aquarius နည်းပညာကုမ္ပဏီတို့ ပူးပေါင်း၍ "Aquarius Day" ဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

## တက်ရောက်

ဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ IT ပညာရှင်အရာထမ်းများနှင့် နှစ်နိုင်ငံပုဂ္ဂလိက နည်းပညာကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

## ရည်ရွယ်ကျင်းပခြင်းဖြစ်

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့ "Aquarius Day" ဖိုရမ်အခမ်းအနားကို မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အရေးကြီးပါကြောင်း၊ ယနေ့ "Aquarius Day" ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့ပြုနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ် ကာလ အပိုင်းအခြားအထိ မျှော်မှန်းပြီး Myanmar e-Governance Master Plan 2030 ကို ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Digital Government ကို ဦးတည်ချဉ်းကပ် ဆောင်ရွက်နေပြီး ယနေ့ကျင်းပသည့်ဖိုရမ်သည် နိုင်ငံတော်၏ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ခရီးစဉ်အတွက် အထောက်အပံ့ကောင်းများစွာရရှိနိုင်သဖြင့် အကျိုးရှိသော ဖိုရမ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

## ဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးတက်လာစေရေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် e-Government စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် Aquarius ကုမ္ပဏီအပါအဝင် ရုရှား IT ကုမ္ပဏီများအနေဖြင့် နည်းပညာဖလှယ်မှုများ၊ IT Solution အတွေ့အကြုံများနှင့် ထုတ်ကုန်များ အကြောင်းကို ပိုမိုနားလည်စေရန် ရည်ရွယ်ပြီး ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်းနှင့်၊ Aquarius နည်းပညာ ကုမ္ပဏီဥက္ကဋ္ဌ Mr. Vladimir Stepanov က လွတ်လပ်၍ ရေရှည်တည်တံ့သော ရုရှား-မြန်မာ နိုင်ငံတကာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးကြကာ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲများကို အစီအစဉ်အတိုင်း ကျင်းပရာ Aquarius Company၊ Astra Group of Company နှင့် RSC Progress Company တို့၏ တာဝန်ရှိသူများက နည်းပညာဆိုင်ရာ မိတ်ဖက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုရှား IT ကုမ္ပဏီများ၏ တာဝန်ရှိသူများက နည်းပညာကဏ္ဍ လုံခြုံမှုရှိစေရေး ဖြေရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ Aquarius ကုမ္ပဏီ၏ ဆာဗာများနှင့် အချက်အလက်ထိန်းသိမ်းထားသိုမှုစနစ်များ၊ ဆက်သွယ်ရေး နည်းပညာဖြေရှင်းမှုများ၊ ကြိုးမဲ့ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက်အလက် လုံခြုံမှုဆိုင်ရာ ဖြေရှင်းမှုများ၊ နည်းပညာ အသုံးပြုသူများအတွက် ဖြေရှင်းဆောင်ရွက်ပေးမှုများ၊ Astra ကုမ္ပဏီ၏ Ecosystem Solution ဆိုင်ရာများနှင့် RSC "Progress" ၏ ထုတ်ကုန်များ စသည့် ခေါင်းစဉ်များအား ဆွေးနွေးကြသည်။

## လက်ခံတွေ့ဆုံ

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Aquarius နည်းပညာကုမ္ပဏီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ကို လက်ခံတွေ့ဆုံ၍ သတင်းအချက်အလက် လုံခြုံရေးနှင့် အိုင်စီတီနည်းပညာဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ အကြိုအစည်းအဝေးနှင့် ညစာစားပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းရှီပြည်နယ် နန်ချန်းမြို့၌ နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် ၂၀၂၃ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ်သို့ တက်ရောက်ရန် နန်ချန်းမြို့၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက ဖိုရမ်သို့ တက်ရောက်လာကြသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ ကျန်းရှီပြည်နယ်အုပ်ချုပ်ရေးမှူး၊ Shanghai Cooperation Organization အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ခေါင်းဆောင်များ အကြိုအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်အုပ်ချုပ်ရေးမှူး ရဲ့ကျန်းချွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးပြောကြားကြသည်။

## အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား တိုင်းရင်းဆေးပညာရပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များ၊ အပြန်အလှန်အတွေ့အကြုံများဖလှယ်နိုင်ရေး၊ တိုင်းရင်းဆေးဝါးများ အရည်အသွေးကောင်းမွန်စေရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျန်းရှီပြည်နယ်အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ် အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။




သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) တွင် လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်ပျံသန်းရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဌာနအကြီးအမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်ကြည့်ရှုအားပေး






**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ နေပြည်တော်ကောင်စီအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဦးကိုကိုလှိုင်တို့က အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်း တို့က အမျိုးသမီးတံခွန်စိုက် ဆုဖလား ရရှိသည့် မွန်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းကို တံခွန်စိုက် ဆုဖလား ပေးအပ်သည်။

**ကျင်းပခဲ့**

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက် ယှဉ်ပြိုင်ကြသည့် ပိုက်ကျော်ခြင်း အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် နိုင်ငံကိုယ်စားပြုမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း အားကစားသမား စုစုပေါင်း ၂၆၂ ဦးဖြင့် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်စဉ်။

# “စာဆိုတော်နေ့”ဟု ဆိုရာဝယ် . . . .

**နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့သည် စာဆိုတော်နေ့ဖြစ်သည်။ ယင်းစာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် ဂျပန်ခေတ်တွင် သူကြီးဂေဇက်ဦးခင်မောင်က ဦးဆောင်၍ ဦးအုန်းဖေ(ဆရာတက်တိုး)၊ ဦးတင်ဦး၊ အမြတ်ခွန်မင်းကြီးဦးယုဆိုင်၊ ကက်သရင်းဒေါ်ခင်ခင်၊ ပညာရေးဝန်ကြီးဦးလှမင်း၊ ဒီးဒုတ် ဦးဘချို၊ ဦးသိန်းဟန်(ဇော်ဂျီ)၊ ဦးကောင်း၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဇဝန၊ မြို့မဆရာဟိန် စသော မြန်မာနိုင်ငံ စာရေးဆရာများအသင်းအမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများ ညှိနှိုင်း သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ စာဆိုတော်နေ့ကို စာရေးဆရာများအသင်းဖွဲ့စည်းပြီးနောက် လေးနှစ်မြောက်တွင် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။**

**အလင်္ကာမေ**

> **အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်တည်ဆောက်နိုင်ရေးတို့အတွက် စွမ်းရည်ထက်မြက်သည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့် အာဟာရမှာ စာပေရတနာပင်ဖြစ်သဖြင့် စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာသိုမှီးရမည်ဖြစ်**

၁၉၃၉ ခုနှစ် မတိုင်မီက စာရေးဆရာများအသင်းဟူ၍မရှိသေးဘဲ စာရေးဆရာအချို့ဖွဲ့စည်းထားသော “ကလောင်အဖွဲ့” တစ်ခုသာရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီး အိပ်ဂျိဝဲလ် မြန်မာနိုင်ငံသို့အလည်အပတ်ရောက်လာသောအခါ စာရေးဆရာများက စုပေါင်း၍ ကျင်းပသော ဧည့်ခံပွဲနှင့် ဆရာကြီးပီမိုးနင်းကွယ်လွန်၍ ဈာပနကိစ္စတို့တွင် စာရေးဆရာများ စုစည်းမိကြရာမှ ဒီးဒုတ်ဦးဘချိုဦးဆောင်၍ စာရေးဆရာများအသင်းကို ထူထောင်ကြသည်။ မူလက “မြန်မာနိုင်ငံ စာရေးဆရာများအစည်းအရုံး”ဟု ခေါ်တွင်ခဲ့သည်။ ဂျပန်ခေတ်တွင် စာရေးဆရာများအသင်းကို ပြန်လည်စုစည်းခဲ့ပြီးလျှင် “မြန်မာနိုင်ငံ စာရေးဆရာများအသင်း” ဟု မှည့်ခေါ်ခဲ့သည်။

**စတင်ဖြစ်ပေါ်လာပုံ**

တစ်နေ့တွင် ဆရာတက်တိုးက အင်္ဂလိပ်လူမျိုးများသည် စာပေယဉ်ကျေးမှုကို အမြတ်တနိုး တန်ဖိုးထားပုံနှင့် ထင်ရှားသော စာရေးဆရာကြီး ရှိတ်စပီးယားကိုဂုဏ်ပြုသောရှိတ်စပီးယားပွဲတော်နေ့ကို နှစ်စဉ်ရှိတ်စပီးယား၏ မွေးနေ့ဟူ၍သတ်မှတ်ထားသော ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပပုံများကို ပြောဆိုကြရာမှ မိတ်ဆွေဖြစ်သူ ဦးယုဆိုင်က “သူတို့က ရှိတ်စပီးယားပွဲတော်နေ့ လုပ်ကြသလို ကျွန်တော်တို့ကလည်း ဦးပုညနေ့ပွဲတော်လုပ်ကြတာ ပေါ့ဗျာ” ဟူ၍ စတင်အကြံပြုခဲ့ရာမှ ဦးအုန်းဖေ (ဆရာတက်တိုး)နှင့် အမြတ်ခွန်မင်းကြီး ဦးယုဆိုင်တို့၏ ဆက်လက်ကြိုးပမ်းမှုဖြင့် ဦးပုညနေ့ပွဲတော်ကျင်းပရန် အားလုံးသဘောတူ ဆုံးဖြတ်ကြလေသည်။

ထို့နောက် ဆရာကြီး စလေဦးပုည၏ မွေးနေ့ဖြစ်သော ကဆုန်လဆန်း ၁၃ ရက်နေ့ကို ဦးပုညနေ့အဖြစ် သတ်မှတ်၍ ၁၃၀၆ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် (၁၉၄၄ ခုနှစ် မေလ ၄ ရက်)နေ့တွင် ပထမဆုံး ဦးပုညနေ့ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

ထိုအခါက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ပညာ့တံခွန်အသင်းနှင့်တကွ ထိုကာလ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဦးပုညနေ့ အထိမ်းအမှတ်ကျင်းပရေးကိစ္စကို အရေးယူ ဆောင်ရွက်သောအားဖြင့် အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။ ထိုအစည်းအဝေးက ဦးပုညနေ့ဟူ၍ စာဆိုတစ်ဦးတည်းကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပမည့်အစား စာဆိုတော်အားလုံးကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့ သတ်မှတ်သင့်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသဖြင့် ထိုအခါမှစ၍ စာဆိုတော်နေ့ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။

ပထမအကြိမ် စာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပခဲ့ပြီး စာဆိုတော်ကြီးများ၏ ပြောင်မြောက်သော စာပေအရေးအသားတို့မှထုတ်နုတ်၍ ရွတ်ဆိုဂုဏ်ပြုကြသည်။ ဂုဏ်ပြုပြဇာတ်များ သရုပ်ပြကပြကြသည်။ နောက်ပိုင်းကာလများတွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ စာပေဆုနှင်းသဘင်ပွဲများ၊ သက်ကြီးစာပေ ပညာရှင်ကြီးများ ကန်တော့ပွဲများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက မျိုးစေ့ချပေးခဲ့သော စာဆိုတော်နေ့ကို နိုင်ငံတော်အစိုးရအဆက်ဆက်ကလည်း ချီးမြှောက်ဂုဏ်ပြုသောအားဖြင့် စာဆိုတော်နေ့တွင် စာပေဆုနှင်းသဘင် ဆင်ယင်ကျင်းပကာ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ချီးမြှင့်ခဲ့သော စာပေဆုများကို စာပေဗိမာန်ဆုဟုသာ ခေါ်တွင်သည်။ ၁၉၆၂ ခုနှစ်သို့ ရောက်သောအခါ အနုပညာစာပေဆုဟူ၍ ပြောင်းလဲချီးမြှင့်ခဲ့သည်။ ထိုမှတစ်ဆင့် အမျိုးသားစာပေဆုအသွင် အဆင့်မြှင့်တင် ပြောင်းလဲလိုက်သည်။ ထိုမှတစ်ဆင့် ယခုအခါ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများအဖြစ်သို့ တိုးတက်ချီးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ၁၉၆၃ ခုနှစ်မှစ၍ နှစ်စဉ်စာဆိုတော်နေ့များတွင် စာပေဆုနှင်းသဘင်ပွဲကျင်းပကာ ထိုဆုနှင်းသဘင်၌ အမျိုးသားစာပေဆုရသော စာပေပညာရှင်များအား ဆုများချီးမြှင့်ပြီး စာပေရေးရာမိန့်ခွန်းများ မြွက်ကြားကာ စာပေတိုးတက်ရေးကို ဆောင်ရွက်ခဲ့လေသည်။

**နတ်တော်လနှင့် စာဆိုတော်နေ့**

နတ်တော်လသည် မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် ကိုးလမြောက်ဖြစ်သည်။ ရာသီအားဖြင့် ဓနုရာသီ၊ ဆန်းယှဉ်နက္ခတ်မှာ မိဂသီ၊ ရာသီရုပ်မှာ လေးဆွဲထားသော ယောကျ်ားရုပ်ဖြစ်ပြီး ရာသီပန်းကား သဇင်ပန်းဖြစ်သည်။ နတ်တော်လဟု ခေါ်တွင်သည်မှာ ရှေးယခင်က နတ်ကို ပူဇော်ပသရခြင်းကြောင့် “နတ်ပျော်လ” ဟု ခေါ်တွင်ရာမှ နောင်တွင် “နတ်တော်လ”ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ ရှေးပုဂံခေတ်ထိုး ကျောက်စာများ၌ နတ်တော်လကို နတ္တာဝ်၊ နတ္တဝ် ဟု ရေးထိုးထားကြောင်း တွေ့ရသည်။ နတ်တော်လတွင် ကောက်သစ်ငယ်တို့ ပေါ်ဦးဖြစ်သဖြင့် ကောက်သစ်စားပွဲများကို ပျော်ရွှင်စွာ ကျင်းပသောလလည်းဖြစ်သည်။

ရှေးမြန်မာမင်းများ လက်ထက်က နတ်တော်လတွင် နတ်ပွဲသဘင်နှင့် ဆင်ဖမ်းပွဲများ ကျင်းပလေ့ရှိသည်။ အင်းဝခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ဖြဟ္မဏပုဏ္ဏားတို့၏ ဝါဒအဟောင်းများကို စာပေမှထုတ်ပယ်၍ မြန်မာစာပေကို သန့်စင်ခဲ့သည်။ ဖြဟ္မဏပုဏ္ဏားပညာရှိများကိုလည်း ဟူးရားအတတ်ပညာရှင်အဖြစ် သီးခြားခန့်ထား၍ သက်ဆိုင်ရာ ကဏ္ဍ၌သာ အမှုထမ်းစေခဲ့သည်။ ထိုအချိန်မှစတင်၍ နတ်တော်လတွင် နတ်ပူဇော်ပွဲများ မကျင်းပတော့ဘဲ မြန်မာစာပေ ပညာရှင်ကြီးများအား ချီးမြှောက်သော ပွဲတော်ရာသီအဖြစ် သတ်မှတ်ကျင်းပခဲ့သည်။ စာပေပညာရှင်ကြီးများနှင့်တကွ ထူးချွန်သော အုပ်ချုပ်ရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ ပုဂ္ဂိုလ်များကိုပါ ချီးမြှောက်ထောက်ပံ့ခဲ့သည့် နတ်တော်လပွဲတော် အစဉ်အလာသည် အင်းဝခေတ်မှ ရတနာပုံခေတ်တိုင် အောင်ထွန်းတောက်ခဲ့သည်။

စာဆိုတော်ဆိုသည်မှာ နာမ်စားသုံးမျိုးကို တွဲစပ်ထားခြင်းဖြစ်သည်။ အသားညိုပါက ဖိုးညို၊ အကြွားသန်ပါက ဖိုးကြွားဟုခေါ်သလိုရှိသည်။ စာဆိုတော်တွင် စာ၊ ဆို၊ တော် သုံးမျိုးတွဲစပ်ထားရာ “စာ”မှာ စကားပြေကိုမဆိုလို၊ ကဗျာ စည်းမျဉ်း၊ ကဗျာရေးထုံးများနှင့်အညီ သီကုံးထားသည့်အရာ ဖြစ်သည်။ “ဆို”ဟူသည် ကဗျာ၊ လင်္ကာကို အက္ခရာတင်၍မရေးဘဲ လက်တန်းရွတ်ဆိုသွားသည်ကို အနက်ဖွင့်ခြင်းဖြစ်သည်။ “တော်”မှာကား ကဗျာကို လက်တန်းရွတ်ဆိုသွားသောအရာတွင် အကျော်အမော်ဖြစ်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် စာဆိုတော်ဆိုသည်မှာ ကဗျာ၊ လင်္ကာကို စည်းမျဉ်းရေးထုံးနှင့်အညီ အက္ခရာမတင်ဘဲ လက်တန်းရွတ်ဆိုရာ၌ အကျော်အမော်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ရှေးက ကဝိပုဂ္ဂိုလ်များ (ကဗျာတတ်ကျွမ်းသူများ)သည် စကားပရိယာယ် အလွန်ကြွယ်လှသည်။ ကဗျာ၊ လင်္ကာ တစ်ပုဒ်ကို ရေးကြီးခွင်ကျယ် စာဖြင့်မရေးဘဲ စာအံသလို နှုတ်တိုက်လက်တန်း ရွတ်နိုင်ကြသည်။ စာဆိုတော်ဟူသည် ဤသို့သော ပညာရှိကဝိကြီးများအားပေးသော ဘွဲ့အမည်ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်တော်လက်ထက်၌ပင် အရှင်ဝင်္ဂီသသည် ရုတ်တရက် နှုတ်ထွက်ရွတ်ဆိုရာ၌ ပါဠိကဗျာဟုဆိုအပ်သော ဆန်းဂိုဏ်း၊ အလင်္ကာ ဂုဏ်တို့နှင့် ပြည့်စုံတော်မူ၍ ဘုရားရှင်က ဧတဒဂ် ဘွဲ့ထူး အပ်နှင်းချီးကျူးတော်မူသည်။

သက္ကတဘာသာဆိုင်ရာ ကဗျာဂိုဏ်းတွင်လည်း ကာလီဒါသသည် အကျော်ဆုံးကဝိပုဂ္ဂိုလ်ဖြစ်သည်။ မြန်မာစာဆိုတော် ကဝိအကျော်အမော်များ ရှေးယခင်က အလွန်ထွန်းကားခဲ့သည်။ ဥဒါဟရုဏ် အနေဖြင့် ခံတော်မောင်ကျာဘမ်းနှင့် ရှေ့နေဦးမိုး၊ ရွှေတောင်ဆရာတော်နှင့် ညောင်ကန်ဆရာတော်၊ ဖိုးသူတော်ဦးမင်းနှင့် လှူဦးမင်း၊ ရွှေတိုက်စိုးရကန်ဦးတိုး၊ မောင်းထောင်ဦးကျော်လှနှင့် ချောင်းဦးဦးရွှေကြူး စသည်တို့ဖြစ်သည်။

စာဆိုတော်ဟူသော ဝေါဟာရသည် ရှေးအတီတေ ကဗျာခေတ်ကပင် အမြစ်တွယ်ခဲ့သည်။ အနော်ရထာ ပုဂံမင်း လက်ထက်မှစ၍ ပါဠိနှင့် မြန်မာဒွန်တွဲ ရေးယှက် အသုံးပြုလာရာကတစ်ဆင့် အင်းဝခေတ်သို့ ရောက်သောအခါ မြန်မာစာပေသည် အထွတ်အထိပ်သို့ရောက်လာသည်။ မြန်မာဘာသာဖြင့် စပ်ဆိုသော ကဗျာများ အလွန်ထွန်းကားလာသည်။ အင်းဝခေတ်သည် ကဗျာ၏ ရေသောက်မြစ် ပင်မခေတ်ဖြစ်သည်။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်လျှင် ပုဂံခေတ်မှအစပြုပြီး မျက်မှောက်ခေတ်အထိ ဖြတ်သန်းလာခဲ့သည်မှာ နှစ်ပေါင်း ထောင်ချီနေပြီဖြစ်သည်။ ရှည်ကြာလှသည့် ကာလအတွင်း ပေါ်ထွန်းခဲ့သည့် မြန်မာစာပေလက်ရာများသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ဂုဏ်ယူဖွယ်ရာ အခိုင်အမာ တည်ရှိနေသည်။ မြန်မာစာပေသမိုင်းတွင် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုများစွာ ပေါ်ထွန်းခဲ့ပြီး ၎င်းစာပေပညာရှင်ကြီးများသည် နိုင်ငံသူ၊ နိုင်ငံသားများအတွက် အဖိုးထိုက်တန်လှသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုခဲ့ကြသည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်မှသည် ယနေ့မျက်မှောက်ကာလအထိ မြန်မာစာပေသည် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာ၏ ခက်မမဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေနယ်ပယ်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်သန်မျှော်မှန်းပြီး မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင်ကို ဖော်ကျူးထင်ဟပ်နိုင်စွမ်းရှိသည့် စာကောင်းပေမွန်များကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း မင်္ဂလာတရားနှင့်အညီ နှစ်စဉ်ချီးမြှောက်နေခြင်းသည် နိုင်ငံတော်၏ မွန်မြတ်လှသည့် အစဉ်အလာကောင်းဖြစ်သည်။

အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရေးတို့အတွက် စွမ်းရည်ထက်မြက်သည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့် အာဟာရမှာ စာပေရတနာပင်ဖြစ်သဖြင့် စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာသိုမှီးရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စာပေစွမ်းအားဖြင့် မြန်မာ့ဂုဏ်မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည့် စာဆိုတော်ကြီးများကို ချီးကျူးဂုဏ်ပြုလျက် နတ်တော်လဆန်း ၁ ရက်တွင် စာပေဆုနှင်းသဘင် ဆင်ယင်ကျင်းပခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ပင်ဖြစ်သည်။ ယင်းအစဉ်အလာကောင်းများ တည်တံ့စေရန်အတွက် စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကပါ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။

စာပေသည် လူမျိုး၏ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်သည်။ စာအုပ်မျိုးစုံသည် လူသားတို့၏ ခေတ်ကြေးမုံပင်ဖြစ်သည်။ စာအုပ်စာပေသည် လူ့မိတ်ဆွေပင်ဖြစ်သည်။ စာပေမြင့်မှ လူမျိုးမြင့်မည်ဖြစ်သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ပြနေပေရာ မိမိဘဝ၊ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်းသည် စာပေချစ်စိတ်ရှိပြီး စာပေနှင့်ယဉ်ကျေးမှု အမျိုးသားရေး လှုပ်ရှားမှုများတွင် တစ်တပ်တစ်အား ပါဝင်ဆင်နွဲသင့်လှပါကြောင်း နတ်တော်လနှင့် အထူးသင့်မြတ်လှသည့် “စာဆိုတော်နေ့”ကို ကြိုဆို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ စံလုပ်ထုံးလုပ်နည်း ရေးဆွဲပြုစုရေးဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ စံလုပ်ထုံးလုပ်နည်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။





ဦးစွာ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေကို အခြားနည်း သုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ စံလုပ်ထုံးလုပ်နည်း (Standard Operating Procedure –SOP) မူကြမ်းကို သက်ဆိုင်ရာသို့ တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ဆွေးနွေးမှု ကောက်နုတ်ချက်များ အကြံပြုချက်အနေဖြင့် ပြန်လည်ပေးပို့ခဲ့ကြောင်း၊ ဆွေးနွေးမှု ကောက်နုတ်ချက်များနှင့် စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်း။

ရှင်းလင်းတင်ပြမှုအပေါ် ကော်မတီအဖွဲ့ဝင်များက ဆွေးနွေးအကြံပြုသွားရန်ဖြစ်ပြီး ဆွေးနွေးချက်များအပေါ်မူတည်၍ SOP မူကြမ်းကို ထပ်မံ ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ရေးထုံးအရ ဖြစ်စေ၊ တည်ဆဲဥပဒေအရဖြစ်စေ ကိုက်ညီမှုမရှိသော အချက်များတွေ့ရှိပါက ပွင့်ပွင့်လင်းလင်း ထောက်ပြ၍ အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊မိမိတို့ဦးစီးကော်မတီအနေဖြင့် စံလုပ်ထုံးလုပ်နည်း SOP ကို အမှန်တကယ်အကျိုးရှိပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**အသိပညာပေး ပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်လေးကျေးရွာ ကျိုက်ပဒိုင်ရေကြီးကွင်းအတွင်း လယ်မြေဧရိယာဧက ၆၆၀၀ ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူလယ်သမားဘဝဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာအသုံးချနိုင်ရေးနှင့် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စိုက်ပျိုးရေး ကဏ္ဍနှင့်ပတ်သက်၍ အသိပညာပေး ပြောကြားခဲ့ကြရာ ဒေသခံပြည်သူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။





ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် အဖွဲ့သည် ကျိုက်ပဒိုင်ကွင်းအတွင်း သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀ ဖြင့် လယ်သမားတာ၌ Check Gate (ရေထိန်းအဆောက်အအုံ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ကျိုက်ပဒိုင်ကွင်းသည် ယခင်က ရေကျနောက်စိုက် စပါးတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေပေးမြောင်းများ တူးဖော်ပေးခြင်း၊ ရေသွင်း/ရေထုတ် ကောင်းမွန်စေရေး ဆောင်ရွက်ပေးခြင်းနှင့် Check Gate (ရေထိန်းအဆောက်အအုံ)များ တည်ဆောက်ပေးခြင်းတို့ကြောင့် ဒုတိယသီးနှံအဖြစ် နွေစပါးနှစ်ကြိမ် မြေဧရိယာ ဧက ၂၀၂၀ သီးထပ်စွမ်းအား တိုးမြှင့်စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျိုက်ပဒိုင်ကြီးကျေးရွာရှိ ရွှေတိဂုံလေးဆံတော်ရှင်စေတီတော် စိန်ဖူးတော် မိုးကြိုးခသဖြင့် ပျက်စီးခဲ့ရသည့် အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း ဘက်စုံပြန်လည်ပြုပြင် မွမ်းမံနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ စေတီတော်ကြီး၏ ပဓာနနာယက ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# ပြည်ပနိုင်ငံများတွင် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ် အတွေ့အကြုံများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြည်ပ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်များသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ကိုယ်စားလှယ်များ၏ အတွေ့အကြုံ ရှင်းလင်းတင်ပြမှုကို ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်အားပေးသည်။

အခမ်းအနားတွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် "အရှေ့တောင်အာရှနိုင်ငံများ သုတေသနပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဦးမော့လာသောကူးစက်ရောဂါများ တုံ့ပြန်ရေးဆိုင်ရာ အစည်းအဝေး" အတွေ့အကြုံများကို မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက လည်းကောင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် "တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလမ်းစဉ်နှင့် ထိရောက်သော တိရစ္ဆာန်ဆေးကုသရေး ဝန်ဆောင်မှုများအတွက် တစ်ခုတည်းသော ကျန်းမာရေး အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေး" အတွေ့အကြုံများကို မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်စား ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိမ်းမော်က လည်းကောင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ် အာရှတွင် ခင်းကျင်းပြသမည့် ကမ္ဘာလုံးဆိုင်ရာ တိရစ္ဆာန်အစာနှင့် လူတို့၏ စားသောက်ကုန်များ ကုန်စည်ပြပွဲ လေ့လာရေးခရီး အတွေ့အကြုံများကို မြန်မာကိုယ်စားလှယ်အဖွဲ့ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးသိန်းက လည်းကောင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် "ငါးဖမ်းဆီးမှုဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းအစီအစဉ်နှင့် ငါးနှင့် ငါးထွက်ကုန်ပစ္စည်းများ နောက်ကြောင်း ခြေရာခံခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေး ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ" အတွေ့အကြုံများကို မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်စား ဦးစီးအရာရှိ ဒေါ်အေးအေးမော်ကလည်းကောင်း၊ ဂျပန်နိုင်ငံတွင် တက်ရောက်ခဲ့သည့် "တိရစ္ဆာန်ဆေးကုသခြင်းဆိုင်ရာ ပါရဂူဘွဲ့သင်တန်း" အတွေ့အကြုံများကို ဒေါက်တာသန္တာဦးက လည်းကောင်း ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာ ညွှန်ကြားရေး မှူးချုပ်များနှင့် ပါမောက္ခချုပ်တို့က သုံးသပ်ဆွေးနွေးတင်ပြကြသည်။




တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဂျူဒိုအားကစားသမားများနှင့် ဘော်လီဘောအားကစားသမားများ၏ လေ့ကျင့်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၃၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၊ Cluster(3) ရှိ ဂျူဒိုအားကစားလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားသမားများအားလုံး စည်းကမ်းတကျ လေ့ကျင့်၍ စိတ်ဓာတ်ပိုင်းနှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ နေထိုင်၊ စားသောက်၊ လေ့ကျင့်မှုများနှင့် ပတ်သက်ပြီး အခက်အခဲများရှိပါက တာဝန်ရှိသူများမှတစ်ဆင့်သတင်းပို့တင်ပြပေးသွားရန်နှင့် အားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားလုံး စည်းလုံးညီညွတ်မှုရှိမှသာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် GYM လေ့ကျင့်ရေးခန်းမ၌ ဘော်လီဘော အားကစားသမားများ၏ GYM လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများ အားလုံး လေ့ကျင့်ချိန်မလျှော့ဘဲ နည်းပြများ ရေးဆွဲထားသည့် Training Programme အတိုင်း စနစ်တကျ မှန်မှန်ကန်ကန် ကြိုးစားလေ့ကျင့်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ တည်းခိုနေထိုင်စားသောက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့လက်ရွေးစင် အားကစားသမားများအား ချက်ပြုတ်ပြင်ဆင်ကျွေးမွေးလျက်ရှိသည့် Cluster-9 ရှိ စားရိပ်သာကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ရည်ရွယ်ပြီး (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယ ဝန်ကြီး ဦးရဲတင့်က လူငယ်နှင့် စာပေအနုပညာ ပွဲတော်ကျင်းပမည့်ရက် နီးကပ်လာပြီဖြစ်၍ ယနေ့အစည်းအဝေးတွင် ကဏ္ဍအလိုက် တက်ရောက်လာကြသူများက ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ အစီအမံများကို ဆွေးနွေးတင်ပြစေလိုပါကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့က လေ့ကျင့်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြခန်းပြသမည့် ဝန်ကြီးဌာန ၁၃ ခုကလည်း ပြခန်းများ ပြသရန်နေရာများစီစဉ်ထားရှိပြီးဖြစ်၍ ဒီဇင်ဘာ ၁၂ ရက်မှစတင်၍ ပြင်ဆင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ပွဲတော်အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကြပြီး ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ပွဲတော်လာညေ့်ပရိသတ်များကို တိုင်းရင်းသားရိုးရာ အစားအစာများ ဈေးနှုန်းသင့်တင့်စွာ ရောင်းချနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ပွဲတော်စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက လူငယ်နှင့် စာပေပွဲတော် ကျင်းပရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များ ဆွတ်ခူးခဲ့သော ပြိုင်ပွဲဝင် မီးသတ်တပ်ဖွဲ့ဝင်တို့အား သဃ်န်းကျွန်း အရန်မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုဆုငွေများ ချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၃၀**

စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့သော Global Firefighters and Paramedics Challenge (SGFPC) 2023 ပြိုင်ပွဲတွင် နိုင်ငံပေါင်းစုံ အဖွဲ့လိုက်အသက်ကယ်စွမ်းရည်ပြပြိုင်ပွဲနှင့် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များ ဆွတ်ခူးခဲ့သော ပြိုင်ပွဲဝင်မီးသတ်တပ်ဖွဲ့ဝင်တို့အား သဃ်န်းကျွန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယ တပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ယမန်နေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် လေ့ကျင်းရေးကွင်း၌ ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။



ထိုသို့ချီးမြှင့်ရာ နိုင်ငံပေါင်း ၁၃ နိုင်ငံ တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော မီးသတ်တပ်ကြပ်ကြီး ထွန်းနေဝင်းအား ကျပ်ငွေ တစ်သိန်းနှင့် အသက်ကယ်စွမ်းရည်ပြိုင်ပွဲ၌ ပထမ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းမြတ်နောင်၊ လက်ထောက်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် တပ်ကြပ်ကြီး ထွန်းနေဝင်းတို့အား ငွေကျပ်သုံးသိန်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

■

# (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**ကော့သောင်း နိုဝင်ဘာ ၃၀**

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် အလက(ခွဲ)(၃) မိုင်တွင် ယမန်နေ့နံနက်ပိုင်းက (၁၀၃) နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ်အဖြစ် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်သည်။

**ခင်းကျင်း ပြသ**

ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများအား ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက မြန်မာနိုင်ငံ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် သိကောင်းစရာများ၊ ကျောင်းနေအရွယ်ကလေးဘဝမှစတင်ကာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး၊ နိုင်ငံတော်နှင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းကာကွယ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်၏အရေးပါမှုစသည့် ဗဟုသုတဖြစ်ဖွယ်များနှင့် သိမှတ်ဖွယ်ရာများကို အသိပညာပေးဟောပြောသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၃၀**

စက်မှုဇုန်ရှိလုပ်ငန်းများကို အားပေးမြှင့်တင်ပြီး ထုတ်လုပ်မှုစွမ်းအားများ၊ စက်စွမ်းအားများကို စွမ်းအားပြည့်လည်ပတ်နိုင်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တိုက်တွန်းပြောကြားသည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်တွင်းကုန်ကြမ်းများကို အသုံးပြု၍ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပပို့ကုန်များအဖြစ် နိုင်ငံတကာဈေးကွက်သို့ထိုးဖောက်ဝင်ရောက်နိုင်ရေးကို အားလုံးက အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန်အတွက် လေ့ကျင့်သင်ကြားပျိုးထောင်ပေးစေလိုကြောင်း၊ ဒေသတွင်း အသားငါး ကဏ္ဍဖူလုံမှု ရှိစေရန်နှင့် နေပြည်တော်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဒေသတွင်း ဆန်လုံလောက်မှုရှိစေရေး၊ ဒေသတွင်း စားသုံးဆီ ဖူလုံစေရေး၊ အသားငါးကဏ္ဍ ဖူလုံမှုရှိရေးတို့ကို ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ငါးမွေးမြူရေး နည်းပညာပေးလုပ်ငန်းများ၊ သစ်တောထွက် ကုန်ကြမ်းပစ္စည်းများကို ကုန်ချောထုတ်လုပ်ခြင်း၊ ရေပေးဝေမှုအခြေအနေ၊ အခွန်ကောက်ခံမှုများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ဒက္ခိဏသီရိစက်မှုဇုန်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု၊ MSME ပြပွဲများ ခင်းကျင်းပြသနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ချေးငွေထုတ်ချေးပေးမှု၊ လူမှုဖူလုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ကိုရီးယားသမ္မတနိုင်ငံတွင် သံတမန်အခန်းကဏ္ဍ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း အပါအဝင် အခြားစွမ်းဆောင်မှုများကြောင့် Korea Consumer Global Council က ချီးမြှင့်သည့်ဆုကို မြန်မာသံအမတ်ကြီး ဒုတိယအကြိမ်မြောက် ထပ်မံရရှိ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကိုရီးယားသမ္မတနိုင်ငံတွင် သံတမန်အခန်းကဏ္ဍ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း အပါအဝင် အခြားစွမ်းဆောင်မှုများကြောင့် Korea Consumer Global Council က ချီးမြှင့်သည့် ဆုကို ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ဒုတိယအကြိမ်မြောက်အဖြစ် ထပ်မံရရှိခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ သိရသည်။

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်သည် နိုဝင်ဘာ ၂၉ ရက်က ဆိုးလ်မြို့ရှိ Korea Press Center ၌ ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံရှိ Korea Consumer Global Council က Korea Consumer Brand Grand Prize Awards ၏ တစ်စိတ်တစ်ဒေသအဖြစ် အပ်နှင်းသည့် 2023 Best Ambassador Award ကိုလက်ခံရရှိခဲ့ကာ ၂၀၂၂ ခုနှစ်ကလည်း Best Ambassador Award ကို သံအမတ်ကြီးက လက်ခံရရှိခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်တွင် ဒုတိယအကြိမ် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ဆုပေးခဲ့ခြင်းနှင့်ပတ်သက်၍ Korea Consumer Brand Awards Committee ၏ဥက္ကဋ္ဌ Mr. Kim Cheol-ho က မြန်မာသံအမတ်ကြီး ဦးသန့်စင်သည် ကိုရီးယားသမ္မတနိုင်ငံတွင် သံတမန်အခန်းကဏ္ဍ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ Korea Consumer Global Council သို့ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးခဲ့ခြင်းနှင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခဲ့ခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ်အတွက် Best Ambassador Award ကို ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါဆုသည် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုခိုင်မာစေရန် အားဖြည့်ပေးခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံ၏ Polytechnic University နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သံတမန်ကဏ္ဍ၊ စီးပွားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို Korea Consumer Global Council နှင့်အတူ ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သံအမတ်ကြီး ဦးသန့်စင်က Best Ambassador Award ကို လက်ခံရယူပြီးနောက် ပြောကြားသည့် ကျေးဇူးတင်စကားတွင် ထည့်သွင်းပြောကြားသည်။

မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့်အတူ ဖိလစ်ပိုင်နိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့မှ သံအမတ်ကြီးများကိုလည်း 2023 Best Ambassador Award ဆုများ အပ်နှင်းခဲ့ကြောင်း သိရသည်။

**ထက်ဦးမောင်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ အထူးအစည်းအဝေး တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှသတင်းမီဒီယာကောင်စီ (SEAPC-Net) ၏ အထူးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကောင်စီဝင် ဒေါက်တာဇော်သန်းနှင့်အတူ ရန်ကုန်မြို့မှ နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ထွက်ခွာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့သို့ ရောက်ရှိကာ အင်ဒိုနီးရှား သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ Dr. Ninik Rahayu နှင့် တွေ့ဆုံ၍ နောက်တစ်နေ့ အစည်းအဝေးအတွက် အကြိုညှိနှိုင်းဆွေးနွေးကြသည်။

နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဖွင့်လှစ်သီဆိုခြင်းဖြင့် အခမ်းအနားဖွင့်လှစ်ကာ အစည်းအဝေး စတင်သည်။

ထို့နောက် နိုင်ငံအလိုက် ဥက္ကဋ္ဌများက မိမိတို့ နိုင်ငံများအတွင်း သတင်းတု၊ သတင်းမှားများ ကျေပျက်အောင် ချေဖျက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ သတင်းမီဒီယာ၏ လွတ်လပ်ခွင့်အခန်းကဏ္ဍ ပိုမိုမြှင့်တင်ရေး၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း စည်းလုံးညီညွတ်ရေး၊ သတင်းကိစ္စရပ်တွင် သာမကဘဲ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် အဖွဲ့ဝင်နိုင်ငံများ တိုးပွားလာအောင် ပူးပေါင်းဆောင်ရွက်ရေးများကို မိမိတို့ တစ်နိုင်ငံချင်းစီ၏ သဘောထားအမြင်များဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ (SEAPC-Net) ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နေရာများကို အကြိမ်ကြိမ် အထပ်ထပ်ဆွေးနွေး ညှိနှိုင်းရွေးချယ်ကြရာ ဒုတိယ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)အား ရွေးချယ်အတည်ပြုခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး

ညွန့်ဝင်း(နတ်တလင်း)

လောကဇာတ်ခုံ ဤလူ့ဘုံတွင် အမျိုးသား အမျိုးသမီးဟူ၍ ဒွိဟံဒွိဟံ ရှိနေကြသည်။ သို့သော် အမျိုးသားတို့က မဟာအဖိုဝါဒစွဲကိုင်ကာ အမျိုးသမီးတို့အား နှိမ့်ချဆက်ဆံတတ်ကြသည်။ စင်စစ်အားဖြင့် အဖို (ယောက်ျား)က မြတ်သည်၊ အမ (မိန်းမ)က မြတ်သည်ဆိုခြင်းများမှာ ငြင်းခုံရန်မသင့်သောအချက် ဖြစ်သည်။ အကြောင်းမှာ အမျိုးသမီးများသည်လည်း သူ့ကဏ္ဍနှင့်သူ စွမ်းဆောင်နိုင်သူများဖြစ်သောကြောင့်ပင်။ ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်၏ဟူသောအဆိုသည် အမျိုးသမီးတို့၏ ကြီးမားသောဂုဏ်ရည်ကို ဖော်ကျူးခြင်းဖြစ်သည်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံ မတူညီမှုအရ လုပ်ငန်းတာဝန်များ ကွဲပြားနေသော်လည်း အမျိုးသမီးများသည် သူ့အခန်းကဏ္ဍအလိုက် အရေးပါသည်သာဖြစ်သည်။ ထိုသို့ အရေးပါသူများကို ခွဲခြားဆက်ဆံမှုမပြုသင့်သကဲ့သို့ ယောက်ျားမာန်ကိုး၍ အမျိုးမျိုးအကြမ်းဖက်နှိပ်စက်မှုများလည်း မပြုသင့်ပေ။ အမျိုးသမီးများကို တစ်ဦးချင်းကဖြစ်စေ၊ အုပ်စုလိုက်ကဖြစ်စေ အကြမ်းဖက်မှုများ မဖြစ်ပေါ်ရေးအတွက် ကျွန်ုပ်တို့အားလုံး ပါဝင်လှုပ်ရှားကာကွယ်ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။




### လူကုန်ကူးမှုတွင် အကျုံးဝင်

ယခုအခါ အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေပြီဖြစ်သည်။ ထို့ပြင် အမျိုးသမီးများသည် အိမ်ထောင်ပြုသည့်အခါ ခင်ပွန်းသည်၏ ဝေယျာဝစ္စတာဝန်များ၊ အိမ်ထောင်သားမွေးတာဝန်များကိုပါ ယူကြရသည့်သူများဖြစ်ရာ ထိုအမျိုးသမီးများကိုပင် ခင်ပွန်းဆိုးများက နှိပ်စက်ညှဉ်းပန်းခြင်း၊ အကြမ်းဖက်ခြင်းများ ပြုမူနေကြသည်ကို တွေ့မြင်ကြားသိနေရသည်။ တစ်ဖန် အမျိုးသမီးများကို ငွေကြေးမက်လုံးဖြင့် အလုပ်ပေးမည်၊ နေရာပေးမည်ဟု လှည့်ဖြားစည်းရုံးကာ ကိုယ်ကာယခေါင်းပုံဖြတ်ခြင်း၊ လုပ်အားခခေါင်းပုံဖြတ်ခြင်းများလည်း ရှိနေသည်။ တစ်နည်းအားဖြင့် အမျိုးသမီးများအပေါ် တရားမဝင် လှည့်ဖြားသွေးဆောင်ခိုင်းစေခြင်း၊ ငွေကြေး၊ အကြောက်တရားတို့နှင့် အနိုင်ယူနှိပ်စက်ခြင်းများသည် စင်စစ်အားဖြင့် လူကုန်ကူးမှုတွင် အကျုံးဝင်ပါသည်။ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်အဖြစ် လုပ်အားခကို ခေါင်းပုံဖြတ်ခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်း၊ သူတစ်ပါး၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူခြင်း၊ ရောင်းချခြင်းတို့သည် လူကုန်ကူးမှု၏ လက္ခဏာများဖြစ်ပါသည်။ အကြမ်းဖက်စေခိုင်းခြင်း၊ အနိုင်ကျင့်ခြင်းတို့သည် ဥပဒေနှင့် ငြိစွန်းသည့်ပြစ်မှုများဖြစ်ရာ အမျိုးသမီးများကို အကြမ်းဖက်မခံရရေး ဝိုင်းဝန်းအလေးပေး ဆောင်ရွက်ကြရပါမည်။

အမျိုးသမီးများကို အမျိုးမျိုးလှည့်ဖြားသိမ်းသွင်း၍ တစ်ဖက်မှတစ်ဖက်သို့ လွှဲပြောင်းရောင်းဝယ်ကြသည့်လုပ်ငန်းမှာ အလွန်ဆိုးရွားလှပါသည်။ စက်ဆုတ်ရွံရှာဖွယ်လည်းဖြစ်သည်။ လူကိုကုန်ပစ္စည်းကဲ့သို့ သဘောထားကာ ခေါင်းပုံဖြတ်၊ အမြတ်ထုတ်ရောင်းဝယ်ကြပြီး အကြမ်းဖက်ကာ အတင်းအဓမ္မ "ပြည့်တန်ဆာစေခိုင်းမှု"ကို လူတိုင်းက ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ရပေမည်။

အမျိုးသမီးများအား မတရားအကြမ်းဖက်မှုကို ထိရောက်သောဥပဒေဖြင့် တိကျပြတ်သားစွာ အရေးမယူနိုင်လျှင် ဆက်လက်ရှင်သန်ကြီးထွားရန် အခွင့်အရေးပေးသကဲ့သို့ ဖြစ်နေပေလိမ့်မည်။ တစ်ဖန် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ လုပ်ခနည်းခြင်းများကလည်း အမျိုးသမီးများ လူကုန်ကူးခံရကာ အကြမ်းဖက်ခံရမှုများဖြစ်မြောက်အောင် တွန်းပို့သလိုဖြစ်စေသည်။ အားလုံးကိုခြုံကြည့်လျှင် ဆင်းရဲမွဲတေမှု၊ ကြွေးမြီမဆပ်နိုင်မှု၊ စာပေမတတ်မှု၊ ပညာရေးအဆင့်အတန်းနိမ့်ကျမှုတို့ကလည်း လူကုန်ကူးခံရရန် အကြောင်းရင်းစေ့ဆော်မှုများဖြစ်ကြောင်း တွေ့ရသည်။

### ဖြတ်လမ်းနည်းဖြင့် ရရှိအောင်ကြိုးပမ်း

တစ်ဖက်ရှုထောင့်မှကြည့်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဆမတန်ကြီးထွားနေသည့် စီးပွားရေးပြိုင်ဆိုင်မှုဖိအားများကြောင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ဘက်များကို အနိုင်ရရန် ဈေးပေါပေါနှင့် လုပ်ကိုင်မည့် အလုပ်သမားများရရှိအောင် (တစ်နည်းအားဖြင့်) ဆင်းရဲသောနိုင်ငံများမှ လုပ်သားများကို ဖြတ်လမ်းနည်းဖြင့် ရရှိအောင်ကြိုးပမ်းမှုများကို ဖြစ်စေကြောင်း တွေ့ရသည်။ လူကုန်ကူးရောင်းဝယ်ခံရသူ အမျိုးသမီးများသည် အလုပ်ခွင်တွင် မသန့်ရှင်းသော ညစ်ပတ်ပေရေသောအလုပ်များ၊ သိက္ခာကျသော၊ အရှက်ရစေသောအလုပ်များ၊ အသက်အန္တရာယ်ရှိသောအလုပ်များကို လုပ်ကိုင်ရပြီး ကျန်းမာရေးထိခိုက်ခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းတို့နှင့် ရင်ဆိုင်ရသည်။

အမျိုးသမီးများအား အကြမ်းဖက်မှုပြဿနာသည် အာရှနိုင်ငံများတွင် ကြီးထွားများပြားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း အနည်းနှင့်အများဆိုသလို ကြုံတွေ့နေရသည်။ ယခုအခါ အမျိုးသမီးများကို ပြည်တွင်းကူးသန်းရောင်းဝယ်မှုများရှိသကဲ့သို့ အခြားနိုင်ငံများသို့လည်း ရောင်းဝယ်ပေးပို့စေခိုင်းမှုများရှိနေပါသည်။ ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုအမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် အဓမ္မထိမ်းမြားလက်ထပ်မှု၊ အဓမ္မစေခိုင်းမှု၊ ပြည့်တန်ဆာပြုမှုများကို တွေ့ရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ကာ လူကုန်ကူးခံရသူ ရှစ်သိန်းခန့်ရှိသည်ဟု သိရသည်။ လူကုန်ကူးမှုခံရမှုမှာလည်း ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံနှင့် လူကုန်ကူးခံနေကြရသည်။ လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးများကို တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် တွေ့ရသည်။ အကြမ်းဖက်စေခိုင်းခံရသည့် မြန်မာအမျိုးသမီးအလုပ်သမားများမှာ ၎င်းနိုင်ငံရှိ အနည်းဆုံးလုပ်ခရရှိသူ၏ လုပ်ခတစ်ဝက်နှင့် တစ်ဝက်အောက်သာရရှိပြီး အလုပ်ချိန်တွင် နားချိန်မရှိလောက်အောင်ပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများအား လှည့်ဖြားလိမ်လည် အကြမ်းဖက်စေခိုင်းခံရမှု၏ အန္တရာယ်များကို လူတိုင်းသိရှိနားလည်ပြီး တားဆီးကာကွယ်နိုင်ရန် တစ်မျိုးသားလုံးက အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းစုပေါင်း တိုက်ဖျက်ကြရပေမည်။

ပြည်တွင်း၌ ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများတွင် အမျိုးသမီးအိမ်ဖော်များ၊ အရောင်းဝန်ထမ်းများ၊ နေ့စားအလုပ်သမားများ စသည်ဖြင့် ပါဝင်နေကြသည်။ အများစုသည် ဖို၊ မကိစ္စများကို ငွေကြေးဖြင့် အနိုင်ယူခံရခြင်း၊ ခံစားရသူအမျိုးသမီးက တစ်စုံတစ်ရာ တုံ့ပြန်လာခဲ့လျှင် (သို့မဟုတ်) ကျူးလွန်သူ၏ လူမှုအသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာအတွက် ဖုံးကွယ်စရာများရှိလာခဲ့လျှင် ထိုအမျိုးသမီးများမှာ အသက်အန္တရာယ်ရှိသည်အထိ အကြမ်းဖက်ခံကြရသည်။

### မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်း

မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ပါသည်။ ထိုထက်ဝက်ကျော်သောကိန်းဂဏန်းမှာ နိုင်ငံတော်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သောအနေအထားဖြစ်ရာ အမျိုးသမီးများကို နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ရှေ့တန်းတင်အားပေးရမည်ဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် အမျိုးသမီးညီလာခံမှ အမျိုးသမီးများ ဘဝလုံခြုံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရားဖွဲ့စည်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (Myanmar Women's Affairs Federation–MWAF)ကို မွေးဖွားနိုင်ခဲ့သည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပေါ်ပေါက်လာခြင်းသည် မြန်မာအမျိုးသမီးများအတွက် အားရတက်ကြွဖွယ်ဖြစ်သည်။ ယခင်က အမျိုးသမီးများ အားကိုးအားထားပြုထိုက်သော သီးသန့်အသင်းအဖွဲ့ဟူသည် မရှိခဲ့ပါ။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးထုအတွက် ကျောက်ဆောင်ကျောက်သားတံတိုင်းကြီးပမာ ရှေ့တန်းမှ အကာအကွယ်ပေးရန် အဆင်သင့်ရှိပါသည်။ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊ အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် စသည့်ရည်ရွယ်ချက်များသည် အလွန်ကောင်းမွန်လှသည်။ အမျိုးသမီးထု၏ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ အကာအကွယ်ပေးရေးတို့မှာ အမျိုးသမီးတိုင်းအတွက် အဓိကရပ်တည်ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များဖြစ်သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် အမျိုးသမီးများ အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဖော်ချလုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်အတူ အမျိုးသမီးများ အကြမ်းဖက်မခံရရေးစီမံချက်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာမှာရော မြန်မာမှာပါ ဆောင်ရွက်မှုများ ထိရောက်အောင်မြင်စေရန် ကမ္ဘာ့နိုင်ငံသားအားလုံး၊ မြန်မာ့နိုင်ငံသားအားလုံး ဝိုင်းဝန်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

### ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ

အမျိုးသမီးများ အကြမ်းဖက်ခံရမှုတိုက်ဖျက်ရေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကို ဦးစားပေးအဆင့်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ကြိုတင်တားဆီးကာကွယ်ရာ၌ အမျိုးသမီးထု (အထူးသဖြင့် ငယ်ရွယ်သော၊ အရွယ်ရှိသော အမျိုးသမီးထု)ကို အကြမ်းဖက်ခံရနိုင်မှုနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများကို နေရာဒေသအသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်၍ အသိပညာများ ဖြန့်ဝေပေးရန်လိုသည်။ **စာမျက်နှာ ၁၁ သို့** ☆

> **❝ အကြမ်းဖက်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အတူ အကြမ်းဖက်ခံရသူ အမျိုးသမီးများကို စာနာနားလည်မှုဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ ဖေးမကူညီရေးသည်လည်း အရေးကြီးသော လုပ်ဆောင်ချက်ဖြစ်သည်။ အသိပညာ ဗဟုသုတနည်းပါး၍ လမ်းမှားရောက်ကာ အကြမ်းဖက်ခံရသူအမျိုးသမီးများကို အသိမှန် အမြင်မှန်များဖြင့် ဘဝခွန်အားများ ပြန်လည်ရရှိအောင် ကူညီစောင့်ရှောက်၍ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ရေး၊ ကျူးလွန်သူကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ကြရပါသည်။ ထို့အပြင် ၎င်းတို့အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်ရန်တို့ကို နောက်ဆက်တွဲစောင့်ရှောက်မှုများအဖြစ် ဆောင်ရွက်ပေးရန်လည်းလိုအပ် ❞**



## မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သူများ အသုံးပြုနိုင်ရန် ဝှီးချဲ ၁၀ စီး ပေးအပ်လှူဒါန်း

မန္တလေး နိုဝင်ဘာ ၃၀

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ နေ့စဉ် လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးလာ ပြည်တွင်းပြည်ပ ဧည့်သည်တော်များ၊ ပြည်သူများအနက် သက်ကြီးဝါကြီးရဟန်းတော်များ၊ ဘိုးဘွားများ၊ ကျန်းမာရေးအရ လမ်းလျှောက်ရာ၌ အခက်အခဲရှိသူများအတွက် အသုံးပြုနိုင်ရန် ငွေကျပ် ၅၅ သိန်း တန်ဖိုးရှိ ဝှီးချဲ ၁၀ စီးပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ မိုးကောင်းဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ဦးစွာ အလှူရှင် ရန်ကုန်မြို့နေ ဒေါက်တာဦးမျိုးသန့်တင်–ဒေါက်တာဒေါ်မြရီ မိသားစုကိုယ်စား မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဝှီးချဲ ၁၀ စီးအား အလှူရှင်မိသားစုကိုယ်စား ပေးအပ်လှူဒါန်းရာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသန်းဦးက လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုကြကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် မန္တလေးမြို့တော်ဝန်သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

---

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”

“United in action to rescue and achieve the SDGs for, with and by persons with disabilities”

၃.၁၂.၂၀၂၃ နေပြည်တော်

---

## ကြို့ပင်ကောက်မြို့နယ်၌ မိုးစပါးများရိတ်သိမ်းမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကြို့ပင်ကောက် နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက် ၁၁ သင်း၏ စိုက်ဧက ၆၆၂ ဧကတွင် ရတနာ့တိုးစပါး စိုက်ပျိုးခဲ့ရာ ရိတ်သိမ်းချိန်၌ တစ်ဧကလျှင် စပါးတင်း ၇၀ နှုန်း ထွက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် သုံးသင်း၏ စိုက်ဧက ၁၃၈ ဧကတွင် ဆင်းသုခစပါးစိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးတင်း ၈၀ နှုန်း ထွက်ရှိကြောင်းနှင့် အဆိုပါမိုးစပါးရိတ်သိမ်းမှုအခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၃၀


နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်း လျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။




**လိုက်လံပို့ဆောင်**

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် “ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ” စသည့် ဆုတောင်း မေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။





**သတင်းစဉ်**

---

☆ စာမျက်နှာ ၁၀ မှ

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသီးသီး၌ အမျိုးသမီးများ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပညာပေးကာတွန်း၊ ပန်းချီ၊ ဆောင်းပါး၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ ပြုလုပ်ပေးခြင်းဖြင့် တိုက်ဖျက်ရေး နည်းပညာကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် လိုပါသည်။ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်အနုပညာရှင်များကလည်း ဟောပြောခြင်း၊ ရေးသားခြင်း၊ အငြိမ့်၊ ပြဇာတ်၊ တေးသီချင်းများဖြင့် သရုပ်ဖော်တင်ဆက် ပညာပေးခြင်း၊ ရုပ်သံလွှင့်ဌာနများမှ ပညာပေးဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်း စသောနည်းပညာများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရပါမည်။ အကြမ်းဖက်မှုဖြစ်ပွားလျှင် အသိပေးတိုင်ကြားနိုင်မည့် တယ်လီဖုန်းနံပါတ်များကို စာနယ်ဇင်း၊ ပိုစတာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပြည်သူလူထု သိရှိဆက်သွယ်နိုင်အောင် ဖြန့်ဝေပေးရန်လိုသည်။

အကြမ်းဖက်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အတူ အကြမ်းဖက်ခံရသူ အမျိုးသမီးများကို စာနာနားလည်မှုဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ ဖေးမကူညီရေးသည်လည်း အရေးကြီးသော လုပ်ဆောင်ချက် ဖြစ်သည်။ အသိပညာ ဗဟုသုတနည်းပါး၍ လမ်းမှားရောက်ကာ အကြမ်းဖက်ခံရသူ အမျိုးသမီးများကို အသိမှန် အမြင်မှန်များဖြင့် ဘဝခွန်အားများ ပြန်လည်ရရှိအောင် ကူညီစောင့်ရှောက်၍ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ရေး၊ ကျူးလွန်သူကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ကြရပါသည်။ ထို့အပြင် ၎င်းတို့အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်ရန်တို့ကို နောက်ဆက်တွဲ စောင့်ရှောက်မှုများအဖြစ် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါသည်။

အမျိုးသမီးများ အကြမ်းဖက်မှုကို တိုက်ဖျက်ကြရာ၌ နိုင်ငံတော်အစိုးရကချည်း ဆောင်ရွက်နေရုံဖြင့် မပြီးပါ။ အကြမ်းဖက်မှုဆိုင်ရာ အသိပညာများကို ပြည်သူတစ်ရပ်လုံးသို့ စိမ့်ဝင်ပျံ့နှံ့စေရန် နည်းပညာအခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုများနှင့်အတူ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ အောင်မြင်မှုများ ပိုင်ပိုင်နိုင်နိုင်ရရှိမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စစ်ရေယာဉ်များကို အပြန်အလှန်လေ့လာခြင်း၊ နယ်စပ်ဒေသများတွင် တရားမဝင်ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးတို့အတွက် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံအားကိုးမီဒီယာများမှ နိုင်ငံအတွင်းဖြစ်ပေါ်နေသောအခြေအနေများကို ကောလာဟလသတင်းမျိုးစုံထုတ်လွှင့်နေမှုများ၊ ၃၀-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများအတွင်း ရန်သူများအနေဖြင့် ပြည်သူပိုင်အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးအဆောက်အအုံများကို အကာအကွယ်ယူ၍တိုက်ခိုက်နေပြီး တပ်မတော်အပေါ် မဟုတ်မမှန် ကောလာဟလထုတ်လွှင့်နေမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မြန်မာနိုင်ငံကို ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်အနေနဲ့ မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ဖို့ ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (တပ်မတော်ရေ)က အရာရှိ၊ စစ်သည်တွေအနေနဲ့ ဒီနေ့ မြန်မာနိုင်ငံက စစ်ရေယာဉ်တွေကို အပြန်အလှန် လေ့လာခဲ့ပါတယ်။ မနက်ဖြန်မှာတော့ မြန်မာ- တရုတ် ရေကြောင်းလေ့ကျင့်ရေးလုပ်ငန်း လေ့ကျင့်ခန်း စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့ နိုင်ငံခြားသား အမျိုးသား ၁၈၂ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၂၁၂ ဦးကို တရုတ်နိုင်ငံဘက်က တာဝန်ရှိသူတွေထံကို လွှဲပြောင်းပေးခဲ့ပါတယ်။ စုစုပေါင်း ဒီနေ့အထိ ၁၀၃၈၂ ဦး ရှိပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသတွေမှာ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး အတွက် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောချင်တယ်။

နောက်တစ်ခုက ကောလာဟလသတင်းတွေ ဖြစ်ပါတယ်။ အခုအချိန်မှာ ပြည်ဖျက်မီဒီယာတွေ၊ အနောက်နိုင်ငံအားကိုး မီဒီယာတွေအနေနဲ့ နိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့အခြေအနေပေါ်တွေမှာ ကောလဟလတွေမျိုးစုံ ထုတ်လွှင့်နေတာရှိပါတယ်။ အင်းစိန်မှာရှိတဲ့ ဦးပိုင် ပိုင်ဆိုင်တဲ့ကားဝင်းကို Drop Bomb ချခဲ့တယ်။ ပြီးရင် လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တယ်ဆိုတဲ့ မဟုတ်မမှန်သတင်း ထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒီသတင်းသည် သတင်းမှားပဲဖြစ်ပါတယ်။ နောက်တစ်ခုက စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မှာ မြို့သိမ်းတိုက်ပွဲ ဆင်နွှဲနေတယ်။ တပ်ဘက်ကနေ ဘယ်လောက်




ကျဆုံးတယ်ဆိုတာမျိုးတွေ ထုတ်လွှင့်နေတာရှိပါတယ်။ အဲဒီသတင်းထုတ်လွှင့်နေတဲ့သူတွေက အသိဆုံးပဲဖြစ်ပါတယ်။ မနေ့ကဖြစ်ခဲ့တဲ့ ဖြစ်စဉ်မှာ ဘယ်လောက်အထိ KIA၊ PDF အဖွဲ့များ သေဆုံးဒဏ်ရာရခဲ့တယ်ဆိုတာ သူတို့အသိဆုံးပဲဖြစ်ပါတယ်။ နောက်တစ်ခုက ကျောက်မဲမှာ နိုဝင်ဘာလ ၂၇ ရက်နေ့ အဝေးပြေးလမ်းမမှာရှိတဲ့ Toll Gate အနီးတစ်ဝိုက်မှာ ထိတွေ့တိုက်ပွဲဖြစ်စဉ် ဖြစ်ပွားခဲ့တာရှိပါတယ်။ အဲဒီမှာတော့ TNLA၊ MNDAA ပူးပေါင်းအဖွဲ့က ကျဆုံးမှုများစွာရှိခဲ့ပါတယ်။ ကျောက်မဲမှာနေတဲ့ ဒေသခံတွေအနေနဲ့ အဲဒီဖြစ်စဉ်ကြောင့် ခေတ္တရှောင်တိမ်းနေရာမှ မြို့ထဲကို ပြန်လာတဲ့အခါမှာ အပုပ်နံ့တွေရလို့ လိုက်လံရှာဖွေတဲ့အခါမှာ တရုတ်သင်္ချိုင်းအနီးမှာရှိတဲ့ သေဆုံးနေတဲ့ TNLA၊ KIA၊ MNDAA၊ PDF တံဆိပ်ပါတဲ့ အလောင်းပေါင်းမြောက်မြားစွာ တွေ့ရှိခဲ့ရပါတယ်။ မြို့နယ်လူထုနဲ့လုံခြုံရေးတပ်ဖွဲ့တွေ ပူးပေါင်းရှင်းလင်းခဲ့ရပါတယ်။ ဒါ့အပြင် မောင်ဖုန်းတောင် အဆင်းလမ်းမှာလည်း ဒီအတိုင်းပစ်ချခဲ့တဲ့ အခုန အဖွဲ့တွေရဲ့ ယူနီဖောင်းပါတဲ့အလောင်းတွေ တွေ့ခဲ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ ရှင်းလင်းရေး ဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ ပြည်ပမှာနေထိုင်နေတဲ့ တိုင်းဖျက်ပြည်ဖျက်ဆန့်ကျင်ရေးသမားတွေ၊ ပြည်ပကနေပြီး အသံကောင်းဟစ်နေတဲ့ တိုင်းဖျက်ပြည်ဖျက် အနောက်အားကိုး မီဒီယာတွေရဲ့ မြှောက်ပင့်မှု၊ ကောလာဟလတွေကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ သေဆုံးရတဲ့သူ မနည်းပါဘူး။ ကျွန်တော် ပြောခဲ့သလိုပါပဲ။ ဒီသေဆုံးရတဲ့သူတွေဟာ မြန်မာနိုင်ငံသားတွေပဲဖြစ်ပါတယ်။ တပ်မတော်ဘက်ကပဲ ကျဆုံးသည်ဖြစ်စေ၊ ရန်သူဘက်က သေဆုံးသည် ဖြစ်စေ မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီး ကတည်းက တိုင်းပြည်တွင်း သောင်းကျန်းမှုနဲ့ ကြုံတွေ့ခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ရပါဘူး။ ခုအချိန်မှာလည်း ဒီဝဲဂယက်ထဲမှာပဲရှိနေတာကို တွေ့နိုင်မှာဖြစ်ပါတယ်။ ဒါတွေကို ယခင်ကတည်းက ကျွန်တော်တို့ကို ကိုလိုနီနယ်ချဲ့ခဲ့တဲ့ အနောက်နိုင်ငံတွေက ဦးစီးပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ အခုချိန်မှာလည်း သူတို့ပဲ ဦးစီးပြီး လုပ်ဆောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူလူထုတစ်ရပ်လုံးက သတိရှိရမှာဖြစ်ပါတယ်။ ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ကတော့ နန့်ခမ်း၊ ၁၀၅ မိုင် မူဆယ်၊ တာမိုးညွဲဘက်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ တာမိုးညွဲနဲ့ နန့်ခမ်းမှာတော့ ရန်သူထိခိုက်ကျဆုံးမှု များပြားတယ်ဆိုတာ သိရပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ လွိုင်ကော်က အထကကျောင်းအနီးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တောအထက်တန်းကျောင်းနားမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ဒီရန်သူအနေနဲ့ ပြည်သူပိုင်အဆောက်အအုံတွေ၊ ပညာရေး၊ ကျန်းမာရေးအဆောက်အအုံတွေကို အကာအကွယ်ယူပြီးတော့ တပ်မတော်ကို တိုက်ခိုက်တာတွေ၊ ပစ်ခတ်တာတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်။ တပ်မတော်က တိုက်ခိုက်ပစ်ခတ်လို့ရှိရင် ကျောင်းကိုပစ်ခတ်တယ်၊ ဆေးရုံကိုပစ်ခတ်တယ်ဆိုတဲ့ ကောလာဟလသတင်းတွေ၊ မဟုတ်မမှန်သတင်းတွေ၊ လုပ်ကြံသတင်းတွေဖန်တီးပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ စစ်ရေးဆိုင်ရာ အခြေအနေနဲ့ ဥပဒေတွေအရ ကျွန်တော်တို့အနေနဲ့ အရပ်ဘက်အဆောက်အအုံတစ်ခုလို့ သတ်မှတ်ထားတဲ့နေရာ၊ ဒီသတ်မှတ်ထားတဲ့နေရာသည် ရန်သူက ကိုယ့်ကို မပစ်မခတ်မချင်း အရပ်ဘက်အဆောက်အအုံပါပဲ။ ရန်သူက ကိုယ့်ကို ဒီဟာပေါ်မှာမူတည်ပြီး ပစ်ခတ်လာရင်တော့ ဒါစစ်ဘက်ဆိုင်ရာ အဆောက်အအုံအဖြစ် ပြောင်းလဲသွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

## အင်းစိန်မြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

အင်းစိန်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဆွေးနွေးပြောကြား

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူး ဦးသန်းထိုက်ရွှေ(ရွှေမော်သန်းထိုက်) က ဆောင်ရွက်၍ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ အသင်းနာယက ဆရာကြီးဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား) တို့က အဖွင့်အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းပြုလုပ်ရခြင်းနှင့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့် ဦးတည်ချက်များအကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်စာရေးဆရာအသင်းဝင်များဖြစ်ကြသည့် ဆရာကြီး ဦးသက်တင် (မောင်သာတင့်)က "အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း"၊ ဆရာ စိန်ညိုမင်း (ထန်းတပင်)က "အမျိုးသားစိတ်ဓာတ်နှင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း"၊ ဆရာညွန့်ဝင်း(အမြင်သစ်)က "မျိုးဆက်သစ်လူငယ်များနှင့် အမျိုးသားရေးတာဝန်"နှင့် ဆရာရန်မိုးအောင်(အင်းစိန်)က "ထာဝစဉ်လေးစားဂုဏ်ပြုရမည့် အမျိုးသားခေါင်းဆောင်ကြီးများ" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပြီး စာပေဥယျာဉ် အသင်းဝင်များဖြစ်ကြသည့် သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ ဝင်းနွယ် (ပုသိမ်)၊



ခင်နွဲ့မူ(အင်းစိန်)၊ ခင်ခင်လှ (အင်းစိန်)၊ ရွှေဘဝင်၊ အောင်ငယ်စစ် (အင်းစိန်)နှင့် အရာခံဗိုလ်သစ်လွင် (ငြိမ်း)တို့က ဆွေးနွေးချက်များအပေါ် သိလိုသည် များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ ယင်းနောက် စာပေဥယျာဉ်အသင်း ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားကာ ဦးဆောင်ဆွေးနွေးသူများကို တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# ကမ္ဘောဒီးယားနိုင်ငံသားများကို လျှပ်စစ်ကားများသုံးစွဲရန် ဝန်ကြီးချုပ် တိုက်တွန်း



ဖနောင်ပင် နိုဝင်ဘာ ၃၀

လျှပ်စစ်စွမ်းအင် ထိရောက်စွာ သုံးစွဲရေးနှင့် လောင်စာဆီဆိုင်ရာ ကုန်ကျစရိတ်လျှော့ချရေးအတွက် ကမ္ဘောဒီးယားနိုင်ငံသားများကို လျှပ်စစ်ကားများ သုံးစွဲရန် ဝန်ကြီးချုပ် ဟွန်မာနက်က တိုက်တွန်းခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ကိုကောင်ပြည်နယ်ရှိ မဂ္ဂါဝပ် ၁၅၀ ထုတ်လွှတ်နိုင်သည့် Stung Tatai Leu ရေအားလျှပ်စစ်စီမံကိန်းစတင်အုတ်မြစ်ချသည့် အခမ်းအနားတွင် ၎င်းက ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ နိုင်ငံသားများကို လျှပ်စစ်ကားများသုံးစွဲရေးအတွက် တိုက်တွန်းခြင်းမှာ ၎င်းကားများတွင် အသုံးပြုသည့် လျှပ်စစ်စွမ်းအင်သုံး မော်တာများသည် မူလက လောင်စာဆီသုံး မော်တော်ယာဉ်များတွင် သုံးစွဲသည့် ပေါက်ကွဲမှုတွန်းအားသုံး အင်ဂျင်များထက်စွမ်းဆောင်ရည်မြင့်ပြီး ကုန်ကျစရိတ်သက်သာသောကြောင့် ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုအချိန်တွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လျှပ်စစ်ကားများသုံးစွဲရန် နည်းပညာများကို မြှင့်တင်လာကြကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းသည် လျှပ်စစ်ကားများသုံးစွဲခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရာတွင် ကြိုးပမ်းဆောင်ရွက်ရာရောက်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း ကူညီရာရောက်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

မြို့တော်ဖနောင်ပင်တွင် လျှပ်စစ်ကားသုံးစွဲမှု မြှင့်တင်ရေးအတွက် စီမံကိန်းတစ်ရပ်ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **ကိုးကား–ခမာတိုင်းမ်**

**ဘာသာပြန်–စိုးသူရ**

## COP 28 ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ ဒူဘိုင်းမြို့တော်၌ စတင်ကျင်းပ

ဒူဘိုင်း နိုဝင်ဘာ ၃၀

COP 28 ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကို အာရပ်စော်ဘွားများ ပြည်ထောင်စု၏ မြို့တော်ဒူဘိုင်း၌ ယနေ့စတင်ကျင်းပကြောင်း သိရသည်။

အဆိုပါညီလာခံသို့ နိုင်ငံနှင့် ဒေသပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ COP 28 ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကို ဒီဇင်ဘာ ၁၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံသို့ တက်ရောက်လာသူ ကိုယ်စားလှယ်များက ရာသီဥတုအကျပ်အတည်းအပေါ် ကမ္ဘာ့နိုင်ငံများ၏ တုံ့ပြန်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ ပါရီသဘောတူညီချက်၏ ရည်မှန်းချက်ပန်းတိုင်များအောင်မြင်ရန် နိုင်ငံ သို့မဟုတ် ဒေသတစ်ခုစီမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအပေါ် စစ်ဆေးအကဲဖြတ်ခြင်းကို ငါးနှစ်တစ်ကြိမ် ပြုလုပ်လျက်ရှိသည်။

အဆိုပါသဘောတူညီချက်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များ အသုံးပြုမှုကို မြှင့်တင်ရန်နှင့် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုအားထားမှုကိုအဆုံးသတ်ရန် နည်းလမ်းကောင်းများကို ဆွေးနွေးသွားဖွယ်ရှိသည်။

ယမန်နှစ် COP27 ကွန်ဖရင့်တွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အပြင်းအထန်ခံရသော ဖွံ့ဖြိုးဆဲနိုင်ငံများကို ငွေကြေးထောက်ပံ့ရန်အတွက် "ဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှု" ရန်ပုံငွေကို ထူထောင်ရန် သဘောတူခဲ့ကြောင်း သိရသည်။ ယခုနှစ် ညီလာခံတွင် ရန်ပုံငွေလည်ပတ်ရန် သီးခြားနည်းလမ်းများကိုလည်း သဘောတူညီသွားဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**







## ဂူဂဲလ်စာမျက်နှာများတွင် သတင်းများဖော်ပြမှုအပေါ် လျော်ကြေးပေးဆောင်ရန် ကနေဒါအစိုးရနှင့် အမေရိကန်နည်းပညာကုမ္ပဏီ ဂူဂဲလ်တို့ သဘောတူညီ

အော့တဝါ နိုဝင်ဘာ ၃၀

ကနေဒါအစိုးရသည် ဂူဂဲလ်၏ပလက်ဖောင်းများတွင် သတင်းများဖော်ပြမှုနှင့်ပတ်သက်ပြီး လျော်ကြေးပေးဆောင်ရန် အမေရိကန်နည်းပညာကုမ္ပဏီ ဂူဂဲလ်နှင့် သဘောတူညီမှုရရှိကြောင်း ပြောကြားသည်။

ဂူဂဲလ်သည် နိုင်ငံအတွင်းရှိ သတင်းအေဂျင်စီများကို နှစ်စဉ် ကနေဒါဒေါ်လာ သန်း ၁၀၀ သို့မဟုတ် ၇၃ ဒသမ ၆ သန်းခန့် ပေးဆောင်ရန် သဘောတူညီကြောင်း ကနေဒါအစိုးရက ယမန်နေ့တွင် ကြေညာသည်။

ဇွန်လတွင် ကနေဒါပါလီမန်က အွန်လိုင်းသတင်းအက်ဥပဒေကို အတည်ပြုပြီးနောက် အဆိုပါသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ကနေဒါနိုင်ငံ၌ လူမှုကွန်ရက်မီဒီယာများက ၎င်းတို့၏ပလက်ဖောင်းများတွင် သတင်းလင့်ခ်များ တင်မည်ဆိုပါက ၎င်းတို့၏ တစ်နှစ်တာဝင်ငွေ၏ အနည်းဆုံး လေးရာခိုင်နှုန်းကို ကနေဒါ မီဒီယာများသို့ ပေးဆောင်ရန် လိုအပ်ကြောင်း အွန်လိုင်းသတင်းအက်ဥပဒေတွင် ပါရှိသည်။

ဥပဒေစတင်အသက်ဝင်သည့် ဒီဇင်ဘာလမှစပြီး ကနေဒါမီဒီယာများမှ သတင်းအကြောင်းအရာများ ဖော်ပြခြင်းကို ရပ်တန့်သွားမည်ဖြစ်ကြောင်း ဂူဂဲလ်က ယခင်က တောင်းဆိုခဲ့သည်။

ဂူဂဲလ်သည် ကနေဒါပြည်သူများထံသို့ တန်ဖိုးရှိသော သတင်းအချက်အလက်များကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အလားတူ Meta နည်းပညာကုမ္ပဏီကလည်း ဩဂုတ်လမှစပြီး ၎င်း၏ ပလက်ဖောင်းများတွင် ကနေဒါမီဒီယာများမှ သတင်းများဖော်ပြမှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကနေဒါအစိုးရနှင့် Meta ကုမ္ပဏီတို့အကြား သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ဂါဇာကမ်းမြောင်ဒေသတွင် ထိန်းသိမ်းခြင်းခံခဲ့ရသည့် ထိုင်းနိုင်ငံသား ၁၇ ဦး ပြန်လည်လွတ်မြောက်

ဂျေရုဆလင် နိုဝင်ဘာ ၃၀

ဂါဇာ ကမ်းမြောင်ဒေသတွင် ဟားမတ်စ်အဖွဲ့၏ ထိန်းသိမ်းခြင်းခံခဲ့ရသည့် ထိုင်းနိုင်ငံသား ၁၇ဦး ပြန်လည်လွတ်မြောက်ကာ နေရပ်ဖြစ်သည့် ထိုင်းနိုင်ငံသို့ ပြန်သွားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယခု ပြန်လည်လွတ်မြောက်လာသည့် ထိုင်းနိုင်ငံသားများသည် ပထမအုပ်စုဖြစ်ပြီး အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ဟားမတ်စ်အဖွဲ့ဝင်ရောက်တိုက်ခိုက်စဉ်က ဓားစာခံများအဖြစ် ဖမ်းဆီးသွားခြင်း ခံခဲ့ရသူများဖြစ်သည်။ ၎င်းတို့သည် အစ္စရေးနိုင်ငံ၏ စိုက်ပျိုးရေးနှင့်အခြားကဏ္ဍများတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်သည်။ အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့အကြား ပြီးခဲ့သည့် သီတင်းပတ်အတွင်း ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သည်။

၎င်းထိုင်းနိုင်ငံသားများ လေဆိပ်သို့ ဆိုက်ရောက်ချိန်တွင် လာရောက်ကြိုဆိုသူများနှင့်အတူ ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပဋိပက္ခအတွင်း သေဆုံးခဲ့ရသည့် ထိုင်းနိုင်ငံသားများအတွက် ခေတ္တငြိမ်သက်ကာဆုတောင်းခဲ့ကြသည်။ ထိုင်းဝန်ကြီးချုပ်သာဗီဆင်က ၎င်းတို့အား ဗီဒီယိုကွန်ဖရင့်မှနေ၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ပန်ပရီသည် ၎င်းဓားစာခံများလွတ်မြောက်ရေးအတွက် နိုဝင်ဘာလ အစောပိုင်းတွင် ကာတာနှင့် အီဂျစ်နိုင်ငံများသို့ သွားရောက်၍ ညှိနှိုင်းခဲ့ရာ ၎င်းနိုင်ငံများ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ယခုကဲ့သို့ ဓားစာခံများ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ဂါဇာဒေသတွင်ထိန်းသိမ်းခံနေရဆဲဖြစ်သည့် ကျန်ထိုင်းနိုင်ငံသား ကိုးဦး လွတ်မြောက်ရေးအတွက်




ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# ညောင်လေးပင် ပုဇွန်မြောင်းရွာမှ လျှပ်စစ်မီးကြိုးများအား တပ်မတော်က ဖြုတ်ယူရောင်းစားနေဟု သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းရွာ၌ တပ်မတော်မှ ကျွဲ၊ နွားများ၊ အိမ်ထောင်ပရိဘောဂများ အပါအဝင် ကျေးရွာအတွင်း သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများအား ဖြုတ်ယူရောင်းစားနေကြောင်း၊ လျှပ်စစ်မီးကြိုးများ မရှိသလောက်ဖြစ်နေပြီး ကျေးရွာအတွင်း မီးလင်းခြင်း မတွေ့ရတော့ကြောင်း စသည်ဖြင့် ဒေသခံများထံမှ သိရှိရကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာတွင် ကျေးရွာသူကျေးရွာသားများ ပုံမှန်နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိကြောင်းနှင့် အထက်ပါ သတင်းသည် သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ပုဇွန်မြောင်းကျေးရွာဝန်းကျင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ လွန်ခဲ့သော သုံးလခန့်က အကြမ်းဖက်သောင်းကျန်းသူများမှ ရွာအနီးလာရောက်၍ ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် သွယ်တန်းထားသော လျှပ်စစ်ခတ်အားပေးဝေသည့် လျှပ်စီးမီးကြိုးနေရာအချို့ ပြတ်တောက်ခဲ့ပြီး မီးမရရှိသည်မှာ သုံးလခန့်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်ကဏ္ဍအား ထိခိုက်ပျက်စီးစေရန် မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ယူဆောင်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပြီး မြို့ရွာများ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုရှိစေရန် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအပါအဝင် လုံခြုံရေးပူးပေါင်းအဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများမှ အဓိကထား ဦးတည်တိုက်ခိုက် ရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်သာမြို့၌ အဓမ္မလူသစ်စုဆောင်းခံရသည့် လူငယ်တစ်ဦးအား ငွေကြေးဖြင့် ပြန်ရွေးခဲ့ရကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**




မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အမှတ်(၆)ရပ်ကွက်၌ နေထိုင်သူ အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦးသည် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့မှ ခြေကျင်ဖြတ်သွားချိန်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး တပ်မတော်သို့ဝင်ရန် အတင်းအဓမ္မခြိမ်းခြောက်ခဲ့သောကြောင့် ငွေကြေးဖြင့် ပြန်ရွေးခဲ့ရကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားနေသည့် မြေလတ်အသံသတင်းမီဒီယာမှ လူမှုကွန်ရက်သတင်းစာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးမှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နိုဝင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ မသင်္ကာဖွယ် အမျိုးသားတစ်ဦးမှ ခေါက်တုံ့ခေါက်ပြန် သုံးကြိမ်ခန့် လမ်းလျှောက်နေသဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များက လုံခြုံရေးအရ ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ ၎င်းသည် အရက်အလွန်အကျွံ သောက်စားထားကာ မေးမြန်းမှုများအား ပြန်လည်ဖြေကြားနိုင်ခြင်း မရှိခဲ့ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မပါရှိကြောင်း၊ ၎င်းနှင့်အတူ အဝတ်ထုပ် တစ်ထုပ်၊ ငွေကျပ် ၁၀၀၀ ကို တွေ့ရှိရပြီး အချိန်အနည်းငယ် ကြာမှသာ အဆိုပါလူငယ်၏ မိခင်ဖြစ်သူ ရောက်ရှိလာပြီး ပြန်လည်ခေါ်ဆောင်သွားခဲ့ကြောင်း ပိုက်ဆံဖြင့် ရွေးယူသွားသည်မှာ မဟုတ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်မီဒီယာများသည် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်ချိန်တွင် သတင်းအမှားများဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆက်တိုက်ထုတ်လွှင့်ရေးသားလျက်ရှိပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူကို သတင်းအဆိပ်ခတ် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lu Ker” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ် ငါးအိုးကျေးရွာနေ အောင်မင်းခန့်(ခ) အောင်ကြီးအား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မိုင်းခတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းဆတ်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဆတ် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မယ်ပုလုံကျေးရွာအုပ်စု ပူမိုကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပူမိုကျေးရွာတွင် အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။



ပူမိုကျေးရွာတွင် အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၇၀ ကို အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေပြီး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

# သုံးခွမြို့နယ်၌ တောင်သူများ သီးထပ်ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးရန် ပြင်ဆင်

**သုံးခွ နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီ ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

သိုက်တူးကန်ကျေးရွာမှ တောင်သူ ဦးအောင်ကျော်မိုးက ရေဆင်း ပဲတီစိမ်းဧက ၂၀ စိုက်ပျိုးရန်အတွက် မိမိလယ်၌စပါးရိတ်သိမ်းပြီးနောက် လယ်ယာမြေများထဲမှ ကောက်ရိုးပြတ်များကို မီးရှို့ရှင်းလင်းဖယ်ရှားပြီး သံဇန်းတပ်ဆင်ထားသော ထွန်စက်ကြီးများဖြင့်မြေကြီးကိုတစ်လှည့်လှန်ကာ နှစ်ရက် သုံးရက် မြေစိုင်ခဲများအဖြစ်ထားရှိကြောင်း၊ ထို့နောက် ကွန်ပေါင်း ခတ်မြေသြဇာ (၁၅ ပတ်လည်)အမျိုးအစားကို မြေခံထားကာ မြေစိုင်မြေခဲများကြေညက်အောင် နှစ်လှည့်မောင်းပြီးနောက် မျိုးပဲကြဲကာ ပဲမျိုးစေ့များဖုံးအုပ်အောင် တစ်လှည့်ထပ်မံပြုလုပ်ကြောင်း ပြောသည်။

ပဲစိုက်ရာတွင် မြေအမျိုးအစားပြုစုပျိုးထောင်ပုံ နည်းစနစ်ကောင်းမွန်မှု၊ စိုက်ပျိုးချိန်၊ ဆွတ်ခူးချိန်၊ ရာသီဥတုကောင်းပြီး ပိုးမွှားကျရောက်မှု နည်းပါးပါက တစ်ဧက ပဲတင်း ၂၀ ကျော်ထွက်နိုင်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ ကျင်းပသည့် လူငယ်ဗလငါးတန်ဖွံ့ဖြိုးရေးပွဲတော် တက်ရောက်အားပေးချီးမြှင့်

မြစ်ကြီးနား နိုဝင်ဘာ ၃၀

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဌာန၊ အခြေခံပညာဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ကချင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် လူငယ်ဗလငါးတန်ဖွံ့ဖြိုးရေးပွဲတော်ကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ လူငယ်ဗလငါးတန်ဖွံ့ဖြိုးရေးပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့က ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာတပ်ဖွဲ့ဝင်များနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဗလငါးတန်နှင့်ပြည့်စုံပြီး စွမ်းရည်ထက်မြက်သည့် လူငယ်များ ပေါ်ထွန်းလာစေရေး



လူငယ်ရေးရာမူဝါဒပါ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်ကို နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ပွဲတော်ပြုလုပ်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကလေးငယ်များက တေးသရုပ်ဖော်အကအလှများ၊ တိုင်းရင်းသားအကအလှများ၊ ဂျူဒိုအားကစားအဖွဲ့၊ မြန်မာ့သိုင်းအားကစားအဖွဲ့တို့၏ လေ့ကျင့်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သရုပ်ပြအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် လူငယ်ဗလငါးတန်ဖွံ့ဖြိုးရေးပွဲတော်အတွင်း ကျောင်းသား ကျောင်းသူများ ကိုယ်တိုင် ပါဝင်ဆင်နွှဲခွင့်ရရှိရေး ပြုလုပ်ပေးထားသည့် ပန်းချီပြိုင်ပွဲ၊ ဆေးရောင်စုံခြယ်ပြိုင်ပွဲနှင့် ဘောလုံးကွင်းအတွင်း အခြေခံပညာကျောင်းများအလိုက် ခင်းကျင်းပြသသည့် သင်ထောက်ကူပစ္စည်းပြခန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်ပြသမှုနှင့် ငှားရမ်းဖတ်ရှုနေမှုများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ သုတ/ရသစာအုပ် စာစောင် ပြခန်းများ၊ အားကစားနည်းများဖြင့် ပျော်ပွဲရွှင်ပွဲများဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး စကားပုံဆက်နှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုရသူများကို ဆုလက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့အပြင် ညနေ ၃ နာရီတွင် မိုးလုံလေလုံအားကစားခန်းမအတွင်း ကျင်းပသည့် လူငယ်ဗလငါးတန်ဖွံ့ဖြိုးရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အထက်တန်းအဆင့်စကားရည်လုပြိုင်ပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြကာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်/ကောလိပ်ပေါင်းစုံ စကားရည်လုပွဲတွင် ဆုရအသင်းများနှင့် တစ်ဦးချင်းဆုရသူများအားလည်းကောင်း၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲဆုရရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

ဟိုပုံး နိုဝင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် အခမ်းအနားမှူးသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသအဆင့်ရုံးမှလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက အမှာစကားပြောကြားရာတွင် အခမ်းအနားမှူးကောင်းတစ်ယောက် ဖြစ်ရန်အတွက် အဓိကအရည်အချင်းများဖြစ်သည့် သတ္တိ၊ သတိ၊ သိတတ်မှု၊ ရုပ်ပိုင်းဆိုင်ရာများနှင့် ကိုယ်ဟန် အမူအရာ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာ နှင့် စကားပြောစတိုင်၊ လေယူလေသိမ်းများ ကောင်းမွန်ရန် လိုအပ်ကြောင်းနှင့် အခမ်း အနားမှူး အမျိုးမျိုးကို ဦးဆောင်နိုင်သည့် အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်လာရန် ကြိုးပမ်းစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို တစ်ရက်တာဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ပြီး ဟိုပုံးမြို့ နယ်အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၇၀ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၆၀၀ | ၂၆၀၀ | ၂၈၃၀ | ၂၉၅၀ |
| 95 Ron | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၆၉၅ | ၂၆၇၅ | ၂၇၇၀ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၉၆၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၄ | ၂၄၇၅ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၇၃ |
| HSD (50 ppm) | ၂၁၉၃ | ၂၂၆၇ |
| HSD (10 ppm) | ၂၁၉၆ | ၂၂၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အိန္ဒိယနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ MEGA ကုန်စည်ပြပွဲသို့ မြန်မာကုန်ပစ္စည်းများ သွားရောက်ပြသရန် အစီအစဉ်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

လုပ်ငန်းနယ်ပယ် ကဏ္ဍအသီးသီးမှ စားသုံးသူများကို ချိတ်ဆက်ရာပင်မ အရင်းအမြစ်တစ်ခုဖြစ်ပြီး ရက်ရှည်ကျင်းပမည့် အိန္ဒိယနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ MEGA ကုန်စည်ပြပွဲသို့ မြန်မာကုန်ပစ္စည်းများ သွားရောက်ပြသရန် အစီအစဉ်ရှိကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (UMFCCI) ထံမှ သိရသည်။

"အိန္ဒိယနိုင်ငံအပြည်ပြည်ဆိုင်ရာMEGA ကုန်စည်ပြပွဲ" ကို အိန္ဒိယနိုင်ငံ ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် G.S Marketing Associates တို့က ကြီးမှူးပြီး Kolkata မြို့ သိပ္ပံမြို့တော်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် G.S Marketing Associates တို့က အဆိုပါ ပြပွဲကို ကျင်းပလာခဲ့ရာတွင် တစ်နှစ်ပြီးတစ်နှစ်ကြာလာသည်နှင့်အမျှ အဆိုပါကုန်စည်ပြပွဲသည် လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ကဏ္ဍအသီးသီးမှ စားသုံးသူများကို ချိတ်ဆက်ပေးသည့် အခွင့်အလမ်းများ ရရှိရာဗဟိုချက်အဖြစ် ပြောင်းလဲလာကြောင်း ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွက် G.S Marketing Associates မှ အခမဲ့ပြခန်းတစ်ခန်း စီစဉ်ပေးမည်ဖြစ်သောကြောင့် အသင်းအဖွဲ့များမှ နေ့ရက်အလိုက် အပိုင်းများ ခွဲဝေသတ်မှတ်၍ ပါဝင်ပြသနိုင်မည်ဖြစ်ပြီး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များစေလွှတ်၍ ပါဝင်ပြသနိုင်ခြင်းမရှိပါက မိမိတို့၏ ထုတ်ကုန်ပစ္စည်းနမူနာများ၊ Brochure များ ပေးပို့၍စီးပွားရေးသံမှူး၊Kolkata မြို့၏အကူအညီဖြင့် မြန်မာပြခန်းပါဝင်ပြသနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ပြသသွားဖို့ စဉ်းစားနေပါတယ်။ ဘာလို့လဲဆိုတော့ အိန္ဒိယဟာလည်း မြန်မာနိုင်ငံနဲ့ဆိုရင် စီးပွားဖက် နိုင်ငံတစ်နိုင်ငံဖြစ်သလို ပို့ကုန်၊ သွင်းကုန် လုပ်ရာနိုင်ငံလည်းဖြစ်တာကြောင့် ပြည်ပဆီ ကိုယ့်ကုန်ပစ္စည်းကို ပြသနိုင်မှာပါ။ ပြီးတော့ အခွင့်အလမ်းတွေလည်း ရှိတာကြောင့် စဉ်းစားနေပါတယ်"ဟု ကုန်ထုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ပါဝင်စားသည့် UMFCCI ရှိ ညီနောင်အသင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနက် ပါဝင်တက်ရောက်သူများအနေဖြင့် မိမိတို့၏ Company Letterhead ဖြင့် တက်ရောက်မည့်သူ၏ အမည်၊ ရာထူး၊ ကုမ္ပဏီ/လုပ်ငန်း/အသင်းအဖွဲ့ အမည်၊ Email Address နှင့် ဖုန်းနံပါတ်တို့အား ကုန်သည်/စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန၊ ပြပွဲဌာနစိတ်သို့ ပေးပို့ရမည်ဖြစ်ကြောင်းလည်း သိရသည်။

ထက်ဦးမောင်

# မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃) အကြိုလှုပ်ရှားမှုများဆောင်ရွက်



**ပျဉ်းမနား နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုအဖြစ် နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ခုခံကျ/ကာလသားရောဂါကူးစက်မှုလျှော့ချနိုင်ရေးနှင့် ဖြစ်ပွားမှုကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ၂၀၂၂ ခုနှစ်အကုန်၌ မြန်မာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူ လူဦးရေ ၂၈၀၀၀၀ ခန့်ရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၆၆ ရာခိုင်နှုန်းထိရှိနေဆဲဖြစ်ကြောင်း၊ အိပ်ချ်အိုင်ဗွီရောဂါ အသစ်ကူးစက်မှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး အသစ်ကူးစက်ခံရသူ ၃၀၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၁၁၀၀၀ ခန့်အထိ ကျဆင်းလာကြောင်း၊ HIV/AIDS ရောဂါကာကွယ်ကုသ ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အတွက် နှီးနွှယ်ဌာန ဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူများပါ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြမှသာ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူက



မိခင်မှကလေးသို့ HIV ပိုးကူးစက်ခြင်းမှ ကာကွယ်ရန်နည်းလမ်းများကို လည်းကောင်း၊ ဒေါက်တာငြိမ်းထိုက်က ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သော ပြည်ကြီးခင်မှ ဒေါက်တာမြသန္တာခိုင်က ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် ART ဆေးသောက်နေ သော PLHA တစ်ဦးက ၎င်း၏အတွေ့အကြုံများကို မျှဝေတင်ပြခဲ့ ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

**မင်းလှ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနက မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က လှေလှော်ကွင်းကျေးရွာသို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ လှဝင်း၏ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ က ကျေးရွာနေပြည်သူများအား ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ များ အသိပညာပေးဟောပြောခြင်း၊ လာရောက်ပြသသည့် ကျေးရွာနေ ပြည်သူ ၁၀၅ ဦးတို့အား ဆီးချို၊ သွေးတိုးရောဂါစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်းနှင့် လိုအပ်သောဆေးကုသမှုပေးခြင်း များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိုင်းပန် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေး အခမဲ့စစ်ဆေးပေးခြင်းကို နိုဝင်ဘာ ၂၈ ရက်က မွေတော်ပရိယတ္တိစာသင်တိုက်ရှိ မြို့ဦးဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့ကျန်းမာရေးအကြိုလှုပ်ရှားမှုတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနိုင်လင်းထွန်းနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများက မြို့ဦးဓမ္မာရုံ၌ သက်ကြီးရွယ်အိုဘိုးဘွား စုစုပေါင်း ၄၅ ဦးကို အထွေထွေရောဂါရှာဖွေစမ်းသပ်မှုများ၊ သွေးချို/ ဆီးချိုတိုင်းတာခြင်းနှင့် သွေးပေါင်ချိန်ပေးခြင်းလုပ်ငန်းများ အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





**ကျိုင်းတုံ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နိုဝင်ဘာ ၂၈ ရက်က ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာ၌ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေး သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျိုင်းတုံ မြို့နယ် ယန်းခကျေးရွာအုပ်စုမှ ဒေသခံပြည်သူသက်ကြီးရွယ်အိုများ အား ဆီးချို၊ သွေးချို၊ သွေးတိုး စစ်ဆေးပေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်စောင့်ရှောက်မှုပေးခြင်း၊ အသက် ငါးနှစ်အောက်ကလေးများကို အာဟာရဖွံ့ဖြိုးမှုတိုင်းတာခြင်း၊ တစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေပေးခြင်း နှင့် ယန်းခကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် မျက်စိအမြင် စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**မော်လမြိုင် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ခရိုက်ဒူးကျေးရွာ၊ ခရိုက်နီးဟုကျေးရွာနှင့် ဆယ်ပလာကျေးရွာတို့၌ ဆီးချို၊ သွေးတိုးရောဂါနှင့်ပတ်သက်၍ အသိ ပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းကုသပေးခြင်းတို့ကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ခရိုက်ဒူးကျေးရွာ အထက(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ချောင်းဆုံမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်းနှင့် တိုက်နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက ပြည်သူ့ကျန်းမာရေးပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲအထိမ်းအမှတ်ဖြစ်သော "လူတိုင်းသက်ရှည် ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့"ဆောင်ပုဒ်အရ ပြည်သူ များ ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်ကောင်းများ သိရှိစေ ရန်နှင့် ဆီးချို၊ သွေးတိုးရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို အသိပညာပေးဟောပြောပြီး လာရောက် ပြသသူစုစုပေါင်း ၂၇၁ ဦးရှိရာ ဆီးချိုသွေးတိုးရောဂါ ဝေဒနာရှင်များ ၅၁ ဦး၊ အခြားရောဂါ ၂၂၀ တို့အား အခမဲ့ကုသပေးမှုများဆောင်ရွက် ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**❖ ကျောဖုံးမှ**

အား/ကာသိပွဲအသင်းက ၂၆ မှတ်၊ ဒဂုံစတားအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၃ မှတ်၊ ဧရာဝတီအသင်းနှင့် မြဝတီအသင်းက ၂၂ မှတ်စီ၊ ရတနာပုံအသင်းက ၂၀ မှတ်၊ GFA အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။

ယခုတစ်ပတ်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရတနာပုံအသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရပါက ချန်ပီယံဆုရယူနိုင်ရန် ပိုမိုနီးစပ်လာမည်ဖြစ်သည်။ တန်းဆင်းဇုန်ထဲ ကျရောက်နေသည့် GFA အသင်းသည် ယခုတစ်ပတ်တွင် နိုင်ပွဲရယူနိုင်မှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး သရေကျလျှင်ပင် တန်းဆင်းရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

**✳ AFC Cup မှ**

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး(ဂိုး)၊ ဇွဲထက်မင်း၊ ဇွဲခန့်မင်း၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ဇင်ဖြိုးအောင်၊ မတ်ခ်၊ ထက်ဖြိုးဝေ၊ ရဲရင့်အောင်၊ မိုတိုဟီရိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် ပထမပိုင်းတွင် ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့ပြီး ဂိုးမရှိသရေကျနေသော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ မက်ကာသာအသင်းအတွက် ဂိုးများကို ၄၆ မိနစ်တွင် ဒီဆေးဗားလ်၊ ၅၇ မိနစ်တွင် ဟိုးလ်မန်း၊ ၆၃ မိနစ်တွင် တိုမီဆာလာ့ဗ်၊ မိနစ် ၉၀ တွင် ဆာကိုတာဒီတို့က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် မက်ကာသာအသင်းက ငါးပွဲကစား ၁၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား တစ်မှတ်ရရှိထားသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-BG Pathum**

## ငဖဲမြို့နယ်၌ မနောသုခ မိုးစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက အစို ၁၁၇ တင်းထွက်ရှိ

**ငဖဲ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် မန်းတမံဆည်ရေသောက် မနောသုခမိုးစပါး(ကောင်း)ကိုယ်စားပြုစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၈ နာရီက အိုးမြေတွင်းကျေးရွာ၌ ပြုလုပ်သည်။

**တစ်ဧက ၁၁၇ တင်းထွက်**

ငဖဲမြို့နယ်အတွင်း မိုးစပါးများ အထွက်နှုန်းကောင်းမွန်မှန်ကန်စေရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက ဦးဆောင်၍ အိုးမြေတွင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၂၈) သပြေပင်ကွင်း ဦးပိုင်အမှတ်(၃၄၀) တောင်သူ ဒေါ်လှလှ၏ လယ်မြေ သုည ဒသမ ၆၄ ဧက၌ မနောသုခစပါးမျိုး(ကောင်း) အဆင့်အတန်း ကိုယ်စားပြုစံကွက်ရိတ်သိမ်းရာ စပါးအစို တစ်ဧက ၁၁၇ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးများစံကွက်ရိတ်သိမ်းပွဲသို့ ငဖဲမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းနှင့် ကွင်းဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းနှင့် ကွင်းဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝတ္ထုတို

# စိမ်းရက်လေတယ် ကံကြမ္မာရယ်

**ဝင်းမြတ်သန္တာလွင် (MRTV)**

(၁)

သီတာအေးချမ်း၊ သံသာအေးချမ်းတို့အမြွာညီအစ်မနှစ်ယောက် အိပ်ခန်းအတွင်း တံမြက်စည်းကိုင်သူကိုင်၊ ကြက်မွေးကိုင်သူကကိုင်လို့ ရွှေဝါတို့သားအမိကို အခန်းထောင့်မှာ ချောင်ပိတ်ပြီး နှစ်ယောက်သား ဝိုင်းထိုးနေကြလေရဲ့။

"သီတာ အပေါ်က ရိုက်ချ ရိုက်ချ"

"သံသာ အောက်ကနေ အသာလေးခြောက်ပေးမယ်နော် ဟေ့ ရှူး ရှူး"

အခန်းအပြင်ထွက်ဖို့ပြင်နေသော ကြောင်မကြီး ရွှေဝါနှင့် ကြောင်ပေါက်စငယ်လေးတွေကို သီတာ၊ သံသာတို့ ညီအစ်မနှစ်ယောက် လက်နက်ကိုယ်စီကိုင်ဆောင်လို့ အခန်းထဲပြန်သွင်းဖို့ ကြိုးစားနေကြပုံက ကလေးငယ်များပီပီ သူတို့သိသလောက် မီသလောက် ဉာဏ်လေးတွေက တွေးကြည့်ရင်ဖြင့်...။

ရက်သားသာ ရှိသေးသည့် ကြောင်ပေါက်လေးတွေကို မိခင်ကြောင်မကြီးက နို့တိုက်နေရင်းသူ့ကလေးတွေကို လာထိလို့ အော်နေသံ၊ ကြောင်သားလေးတွေ အော်နေသံ၊ သီတာ၊ သံသာတို့ အမြွာနှစ်ယောက်အော်နေသံတွေနှင့် အိပ်ခန်းထဲ ဆူညံလို့နေသည်။

" ဗုန်း ဗုန်း"

"ဟေ့ ရှူး ရှူး"

" ညောင် ညောင်"

အိပ်ခန်းထဲ ဆူညံသံများကြောင့် မိခင်ဒေါ်ခင်အေးချမ်း အပြေးလေးဝင်ရောက်လာတဲ့ အခါမှာတော့ သမီးငယ်နှစ်ယောက်ရဲ့လုပ်ရပ်ကို မြင်ပြီး အံ့ဩမှင်တက်သွားတယ်။

"ဟယ် သမီးလေးတို့ ဘာလုပ်နေကြတာလဲ။ အဲဒီလိုမလုပ်ရဘူးလေ။ ကြောင်လေးက ပေါက်စလေး ရှိသေးတယ်။ မောနေပါ့မယ်ကွယ်။ တော်တော့ တော်တော့ အခုကိုင်ထားတဲ့ပစ္စည်းတွေ နေသားတကျပြန်ထားချေ။ ဟိုမှာ ရွှေဝါကို ကြည့်လိုက်ဦး။ သနားပါတယ်။ သူ့သားသမီးတွေ ထိလို့ မျက်ရည်တောင်လည်လို့ အော်နေတာလည်း ငယ်သံတောင်ပါနေပြီ။"

မိခင်ကြောင်မကြီးနှင့် ကြောင်သားငယ်များ တကွဲတပြားစီဖြင့် ဆူညံလို့နေသည်လေ။

"အဲဒီလို ကြီးနိုင်ငယ်ညှဉ်း မလုပ်ရဘူးနော်။ သမီးလေးတို့။ ကြားကြလား"

"ဟုတ်ကဲ့မေမေ" ဟုဆိုကာ အမြွာညီအစ်မနှစ်ယောက် အခန်းပြင်ထွက်သွားတော့ ကြောင်မရွှေဝါလည်း သူ့သားသမီးတွေ မလုံခြုံတော့ နေရာပြောင်းဖို့၊ အခန်းပြင်ထွက်ဖို့ ပြင်တော့သည်လေ။

"သမီးလေးတို့ လာဦး"

ခြံထဲပြေးလွှား ခုန်ပေါက်ဆော့ကစားနေကြသော သီတာအေးချမ်း၊ သံသာအေးချမ်းတို့ အမြွာညီအစ်မကို မိခင်ဒေါ်ခင်အေးချမ်းက ခေါ်လိုက်ကာ ခင်ပွန်းဖြစ်သူ ဦးစိုးရန်နိုင်အား ဖြစ်ကြောင်းကုန်စင်ကို ပြောပြရင်း...။

" လာ လာ သမီးလေးတို့ ရွှေဝါသာ သမီးတို့လို ခန္ဓာကိုယ်လည်းကြီး လူလိုပဲဆိုရင် ပြန်လုပ်မှာ အသေအချာပဲနော်။ သမီးလေးတို့က ချစ်လွန်းလို့ အဲဒီလိုတွေလုပ်တာက ခန္ဓာကိုယ်သေးပြီး ပြန်လည်းမလုပ်တတ်လို့၊ မလုပ်နိုင်လို့ မလုပ်တာနော်။ အဲဒီလိုမညှဉ်းဆဲရဘူး။ သမီးတို့ ဝဋ်လည်တတ်တယ်နော်။"

"အေး သမီးလေးတို့ သူတစ်ပါးကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ညှဉ်းပန်းနှိပ်စက်ခြင်း မပြုလုပ်ရဘူး။ အားကြီးတဲ့သူက အားနည်းတဲ့သူကို မဖိနှိပ်ရဘူးနော်။ သံသရာက သိပ်ကြောက်စရာကောင်းတယ်။ ဝဋ်မှာ အမြဲ၊ ငရဲမှာ အပ ဆိုသလို ဝဋ်ကြွေးတွေက ဘဝအဆက်ဆက် မကျေမချင်း ဆပ်ရတာ သမီးလေးတို့ရဲ့နော်။ သမီးလေးတို့က ချစ်လို့လုပ်နေပေမယ့် တစ်ခါတလေ သူတို့အတွက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်တတ်တယ်နော်။ သူတို့ဘာသာ တိရစ္ဆာန်သဘာဝ နေတတ်သလို နေပါစေကွယ်။ ချစ်တာတော့ ချစ်တာပေါ့။ နောက်မလုပ်ရဘူးနော်။

"ဟုတ်ကဲ့ ဖေဖေ"

(၂)

သြော်....ကာလများစွာကြာခဲ့ပေပြီ။

ကိုးနှစ်ကျော်၊ ဆယ်နှစ်ခန့်ရှိပြီဖြစ်သည့် သံသာတို့ ညီအစ်မနှစ်ယောက် သိတတ်စပြုနေပြီဖြစ်သည့်အတွက် ဖခင်ဖြစ်သူ ဦးစိုးရန်နိုင်က လိမ္မာရေးခြားရှိစေရေး မပျော့မတင်း စောင်းကြိုးညင်းလို ချော့တစ်ခါ ခြောက်တစ်လှည့် ကြံ့ရင်ကြံ့သလို နားဝင်အောင် ဆုံးမဩဝါဒပေးတတ်ပါလေသောဖေဖေ့ကို သတိရမိသည်။

ငယ်စဉ်ကအကြောင်း ပြန်တွေးရင်း သတိရမိတော့ သံသာ့ပါးပြင်ပေါ်သို့ မျက်ရည်များ ကျလာသည်။

မဆိုသလောက် အနည်းငယ်မျှအချိန်ခဏလေးပင်ရှိသော်လည်း သူတစ်ပါးမိသားစုအား ညှဉ်းပန်းနှိပ်စက်သလို ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲအောင် လုပ်ခဲ့မိလို့ သံသာတို့မိသားစုလည်း တကွဲတပြားစီဖြစ်နေကြရပြီး စိတ်ချမ်းသာမှု မရကြတာပါလားလို့ တွေးမိပြန်တယ်။

ဟုတ်တယ်။ ငယ်စဉ်ကသာ သံသာတို့မိသားစု ဖေဖေ မေမေ၊ သံသာတို့အမြွာ၊ ဘိုးဘိုး ဘွားဘွားတို့ ပျော်ပျော်ရွှင်ရွှင်နေခဲ့ရတာလေ။

သံသာတို့ ခုနစ်တန်းနှစ်မှာပဲ ကံကြမ္မာက အပြောင်းအလဲဖြစ်ခဲ့ရတယ်။ ဖေဖေ နယ်ပြောင်းတာဝန်ထမ်းဆောင်ရလေတော့ မေမေနဲ့ သံသာတို့ ညီအစ်မ ဘိုးဘိုး ဘွားဘွားတို့ဇာတိကို လိုက်နေရတယ်။ ဖေဖေနဲ့ နှစ်ပေါင်းများစွာ၊ လွမ်းဆွတ်မှုများစွာနဲ့ နေခဲ့ကြရတယ်။ တစုတစည်းတည်း နေခဲ့ရတဲ့ရက်တွေက လက်ချိုးရေလို့ပင်ရတယ်လေ။

ဟော သံသာတို့ တက္ကသိုလ်စတက်တဲ့နှစ်မှာပဲ ဘိုးဘိုးက ဆုံးသွားတယ်။ ပိုလို့ပင် ဝမ်းနည်းစရာကောင်းခဲ့ရတယ်။ ဟော အခု သံသာတို့ တာဝန်ကိုယ်စီနဲ့ နိုင်ငံ့တာဝန် ထမ်းဆောင်ကြပြီဆိုတော့ သံသာတို့ အမြွာညီအစ်မနှစ်ယောက်ပင် မဆုံနိုင်ရတော့ပါ။ ကံကြမ္မာကို ယိုးမယ်ဖွဲ့ရလေမလားလို့ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိတယ်။ အဆိုးဆုံးက တစ်မြို့တည်း တာဝန်အတူတူ ထမ်းဆောင်နေရတဲ့ ဌာနမတူ ချစ်သောသူ "မောင်" နဲ့ပင် ဆုံစည်းရတဲ့ရက်လေးတွေက နည်းပါးလွန်းလှပါတယ်။

ခဏတာသာ ရုန်းရင်းဆန်ခတ်ဖြစ်အောင်၊ မအေနဲ့ သားသမီးတွေကို ကွဲကွာအောင် လုပ်ခဲ့မိလို့ ပြန်လည်ခံစားရတဲ့အဖြစ်တွေက ပေးဆပ်လို့ မကုန်နိုင်တော့ပါလားလို့ တွေးရင်း မျက်ရည်တွေ အကြိမ်ကြိမ်ကျခဲ့ရတယ်လေ။

သံသာ့မျက်ရည်တွေ ခန်းမယ်ဆိုလည်း ခန်းခြောက်လောက်ပါရဲ့။ ကျေပါတော့ ဝဋ်ကြွေးရယ်လို့လည်း တောင်းဆုအခါခါခြွေမိပါတယ်။

သြော် ကံကြမ္မာရယ် စိမ်းရက်လေအားတယ်....။

---

# သွေးသားတော်စပ်မှုကို တိကျစွာခေါ်ဝေါ်ရသော ချိုချင်းဓလေ့

**အမ်းမ်လောင်ရှီ**

ချိုချင်းဓလေ့အရ ဆွေမျိုးတော်စပ်မှု သွေးသားတော်စပ်မှုကို မမှားယွင်းရလေအောင် တိကျသေချာစွာ ခေါ်ဝေါ်သုံးစွဲရသည်။ ထိုသို့မဟုတ်ဘဲ တလွဲတချော် ခေါ်ဝေါ်သုံးစွဲမိပါက တစ်ဦးနှင့်တစ်ဦး မိသားစုတစ်စုနှင့်တစ်စု မျိုးနွယ်တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား၌ ကြီးကျယ်သောပဋိပက္ခအထိ ဖြစ်ပွားတတ်သည်။

ဥပမာအားဖြင့် ဦးလိန်းကီးသည် မိမိသားမဟုတ်သော သူစိမ်းလူငယ်ကို (သား) ဟု ခေါ်ဝေါ်မိသည်ဖြစ်အံ့။ ဦးလိန်းကီးသည် ထိုသူ၏ မိခင်တို့မှ ထိုလူငယ်အား မွေးဖွားလာသည်ဟု ထုတ်ဖော်ကြေညာရာရောက်သဖြင့် ပြဿနာအကြီးအကျယ်တတ်နိုင်မည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအရ သားအရွယ်ကို သားဟုခေါ်ခြင်းသည် ပြဿနာမရှိပေ။ ယဉ်ကျေးသော အသုံးအနှုန်းပင်ဖြစ်ပါသေး၏။ သို့သော် ချိုချင်းဓလေ့အရကား ပြဿနာအလွန်ကြီးမားစေသော ခေါ်ဝေါ်မှုပင်ဖြစ်နေပေသည်။

(မှတ်ချက် ။ ။ သို့သော် မှတ်သားစရာ ဓလေ့တစ်ခုကလည်း ရှိသေးသည်။ မိမိညီအရင်း သို့မဟုတ် မိမိအစ်ကိုအရင်းက မွေးဖွားသောသားသမီးများကိုမူ မိမိက သားဟုဖြစ်စေ၊ သမီးဟုဖြစ်စေ ခေါ်ဝေါ်နိုင်သော ဓလေ့ပင်ဖြစ်၏။)

မိမိ၏ဖခင်မဟုတ်သူအား အဖေဟု ခေါ်ဝေါ်ခြင်း မိမိ၏ မိခင်မဟုတ်သူအား အမေဟု ခေါ်ဝေါ်ခြင်းများသည်လည်း ပြဿနာကို ဖိတ်ခေါ်သောအသုံးအနှုန်းများပင် ဖြစ်ပေသည်။

အခေါ်ခံရသူသည် မိမိ၏မိခင် သို့မဟုတ် ဖခင်တို့မှ အခြားသူနှင့် အကြောင်းပါ၍ မိမိကို မွေးဖွားလာသည်ဟု ဖော်ထုတ်ကြေညာရာ ရောက်သဖြင့် ပြဿနာအကြီးကြီးကို ဖန်တီးပေးနိုင်မည့် အခေါ်အဝေါ်ပင်ဖြစ်ပေသည်။

မြန်မာ့ဓလေ့အရလည်း မိမိ၏ဖခင်အရွယ်ဖြစ်သော်လည်း မိမိ၏ ဖခင်မဟုတ်သူအား အဖေဟု ခေါ်ဝေါ်ခြင်းမျိုးမပြုကြပေ။

သို့သော်လည်း မိမိ၏မိခင် မဟုတ်သူကိုမူ မိမိ၏မိခင်အရွယ်မို့ အမေဟု ခေါ်ဝေါ်ခြင်းများကမူ ရှိနေသည်။

ပုဂံခေတ်က စုက္ကတေးသည် အနော်ရထာ၏ခမည်းတော်အား နန်းချကာ ရှင်ဘုရင်ဆက်ခံ၏။ အနော်ရထာ၏မိခင်ကိုလည်း သိမ်းပိုက်၏။ စုက္ကတေးသည် အနော်ရထာအား (ညီသားနောင်မယ်) ဟု ခေါ်သဖြင့် အနော်ရထာက အလွန်နာကြည်းသည်ဟုဆိုသည်။ ညီသားနောင်မယ် ဟူသည်မှာ ညီလည်းဖြစ် သားလည်းဖြစ်သည်ဟု ဆိုလိုသည်။

ချိုချင်းဓလေ့နှင့် ဆက်စပ်စဉ်းစားသင့်သောအဖြစ်ဟု ထင်မြင်မိသည်။ ချိုချင်းတို့၏ ခေါ်ဝေါ်မှုတွင်အသက်အရွယ်အရ ရှိသေခြင်းကို အဓိကထားလေ့မရှိဘဲ ဝါအရ ရှိသေခြင်းကိုသာ အဓိကထားလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ဥပမာအားဖြင့် မိမိအဘိုး၏ ညီအငယ်ဆုံးသည် မိမိထက် အသက်ငယ်သော်လည်း ဝါအရ အဘိုးတော်စပ်သဖြင့် အဘိုးဟုပင် ရိုရိုသေသေ ခေါ်ဝေါ်ရပေသည်။ အဘိုးအမည်က "လိန်း" ဖြစ်ပါက ဘူဟူးလိန်း= အဘိုးလိန်းဟုခေါ်ဝေါ်ရသည်။

ထိုအဘိုးက သူ့ထက်အသက်ကြီးသော်လည်း ဝါအရ မြေးတော်စပ်ပါက အမည်အတိုင်း ခေါ်ဝေါ်ပိုင်ခွင့်ရှိပေသည်။ မြေးအမည်က "ကီး" ဖြစ်ပါက (ကီး) ဟု တိုက်ရိုက်ခေါ်ပိုင်ခွင့်ရှိသည်။


အမည်အား တိုက်ရိုက်ခေါ်ဝေါ်ခြင်းကို သာမန်အားဖြင့် ရိုင်းသည်ဟု ချိုချင်းဓလေ့က သတ်မှတ်လေ့ရှိပါ၏။ သို့သော် ဝါကြီးသူကမူ ဝါငယ်သူအား ထိုသို့ခေါ်ပိုင်ခွင့်ရှိပေသည်။

မြတ်စွာဘုရားသည် သံဃာ့အဖွဲ့အစည်းကို တည်ထောင်တော်မူရာ ရဟန်းအချင်းချင်း အရိုအသေပြုဦးချရာ၌ သက်တော်ကို အဓိကမထားဘဲ ဝါတော်ကိုသာ အဓိကထားကြောင်း တွေ့ရပေသည်။ ဤအချက်မှာ ချိုချင်းဓလေ့နှင့်တူညီနေကြောင်း လေ့လာသိရှိနိုင်သည်။

ယဉ်ကျေးမှုများ တိုးတက်ပေါင်းစုံကြခြင်းကြောင့် ကောင်းကွက်ဆိုးကွက်များ ဒွန်တွဲဖြစ်ပေါ်လေ့ရှိပေသည်။ ချိုချင်းဓလေ့များသည်လည်း အခြားသောယဉ်ကျေးမှုဓလေ့များနှင့် တိုးတက်ပေါင်းစုံလာခဲ့ရာ ယခုဖော်ပြပါဓလေ့များကို ယခင်ရှေးခေတ်ကလောက် အလေးအနက်ထားမှု၊ စည်းကမ်းတင်းကျပ်မှု မရှိတော့ဘဲ ပျော့ပျောင်းလာသည်ကိုလည်းတွေ့ရှိရကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ပါသည်။ ။

# တိုင်းရင်းသားရိုးရာစကားပုံ ပုံပြင်များ

**မင်းသက်တင်**



### အကြမ်းဖက်သော် အမျက်မပြေ

ဟိုး..ရှေးရှေးတုန်း အခါကပေါ့ကွယ်။

တောဘုရင် ကေသရာဇာခြင်္သေ့မင်းကြီးဟာ တစ်နေ့မှာ တောတွင်းမှာသွားလာရင်း ရေဆာလာတယ်ပေါ့။ နေကလည်း မြင့်မြင့်လာတာဆိုတော့ ရေကပိုဆာလာကာ စိတ်လည်းတိုလာပါလေရော။ ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ တောင်အောက်နားမှာ သာယာလှပတဲ့ရေကန်ကြီးကို လှမ်းမြင်လိုက်ရလို့ ဝမ်းသာသွားသတဲ့။

"အလို...ဟိုရှေ့က ရေကန်ကြီးက သာယာလိုက်တာ။ ကြာမျိုးစုံကလည်း ဖူးပွင့်နေသေး၊ ကျေးငှက်တို့ကလည်း ပျော်မြူးနေကြလို့ ကြည်နူးစရာကောင်းလိုက်တာ။ ရွှေသမင်လေးတွေ၊ ယုန်ငယ်လေးတွေ၊ ဒရယ်တွေ၊ ချေတွေ၊ ဆတ်တွေနဲ့ တောတွင်းသတ္တဝါတွေ အတော်များများ ရှိနေကြတာပဲ"

ကေသရာဇာခြင်္သေ့မင်းက သဘောတွေ့ကာ တောင်ကုန်းပေါ်ကနေ လှမ်းမြင်နေရတဲ့ရေကန်ကြီးဆီကို ဒုန်းဆိုင်းသွားတော့တာပေါ့။ ခြင်္သေ့မင်းလာတာသိလိုက်ရတဲ့ ရွှေကျေးလေးတွေက ရေကန်ကြီးဆီကို အပြေးသွားပြီး မိတ်ဆွေတွေကို သတင်းပို့ရှာတာပေါ့။

"အဆွေတို့ ခြင်္သေ့ကြီးအပြေးလာနေတယ်၊ ရှောင်ရှားကြပေတော့"

ရေကန်ကြီးအပါးမှာ ပျော်ရွှင်မြူးထူးနေကြတဲ့ သတ္တဝါတွေ အားလုံး ဘေးလွတ်ရာကို ထွက်ပြေးကြတော့တာပေါ့။

"ဟင်... ဘာတွေဖြစ်နေတာလဲ၊ ဘာလို့များ ရုန်းရင်းဆန်ခတ် ထွက်ပြေးနေကြတာပါလိမ့်။ ဒီနေ့တော့ အထူးအဆန်းပါပဲလား"

ရေကန်ကြီးအတွင်းက ကြာရွက်ကြီးပေါ်မှာ ထိုင်နေတဲ့ ဖားသူငယ်က ဝန်းကျင်ကိုကြည့်နေရင်း တီးတိုးဆိုလိုက်တယ်။ ပျော်စရာရေကန်ကြီးဟာ ရုတ်တရက်တိတ်ဆိတ်ခြောက်ကပ်သွားတော့တာပေါ့။

"ဩော် အမွေးစုတ်ဖွား၊ ပါးစပ်ကပြဲပြဲ၊ အစွယ်က ဖွေးဖွေးနဲ့ အကောင်ကြီးတစ်ကောင်ပဲ၊ ဒီကောင်ကြီးလာလို့ ငါ့မိတ်ဆွေတွေ ထွက်ပြေးကုန်ကြတာပဲ"

ဖားကလေးက ရေစပ်နားကို တဖြည်းဖြည်းချဉ်းကပ်လာတဲ့ ခြင်္သေ့မင်းကို မြင်လိုက်တဲ့အခါ သဘောပေါက်သွားပြီး စိတ်ဆိုးမာန်ဆိုးလေသံနဲ့ အော်ဟစ်ပြောဆိုလိုက်တယ်။

"ဟေ့ဟေ့ ငါ့ပိုင်နက်ထဲကို ဘယ်ကောင် ကျူးကျော်လာတာလဲ၊ အခုရပ်လိုက်"

"ကေသရာဇာခြင်္သေ့မင်းပဲ ဒီတောတစ်ခုလုံးရဲ့ဘုရင်ဆိုတာ မသိလေရော့သလား"

"မင်းကလည်း ခြင်္သေ့မင်း၊ ငါကလည်း ဖားမင်းပဲ၊ ဒါကြောင့် ငါ့ပိုင်နက်ကို ငါခွင့်မပြုဘဲ လာခွင့်မရဘူး"

"ဟေ့ အကောင်သေးသေးနဲ့ ဖားသူငယ်၊ ရာရာစစကွာ၊ ငါလို ကေသရာဇာခြင်္သေ့မင်းကိုများ ဘာမှတ်နေလဲ၊ ဒီကောင်မလေးမစားနဲ့ကွာ"

"အပိုတွေပြောမနေနဲ့ တော်တန်တိတ်လိုက်၊ အခုပဲဒီနေရာကနေ ထွက်သွားစမ်း"

အကောင်သေးသေးဖားလေးက ကေသရာဇာခြင်္သေ့မင်းကို မလေးမစားပြောရပ့ါမလားဆိုပြီး ခြင်္သေ့လည်ဆံမွေးတွေ ထောင်ထလာကာ ဒေါသအိုးပေါက်ကွဲတော့တာပေါ့။ ဒီတော့ ကျယ်လောင်တဲ့ ဟိန်းဟောက်သံကြီး ပေါ်ထွက်လာပါရော။ ဖားလေးကတော့ ခြင်္သေ့ကြီး ဒေါသအိုးပေါက်ကာ ဟန်ပြင်လိုက်ကတည်းက ရေထဲကို ငုပ်လျှိုးနေလိုက်တော့တာပေါ့။

"ဘာမဟုတ်တဲ့ဖားသူငယ်၊ ခုတော့ နားကွဲသေလောက်ပြီပေါ့"

ခြင်္သေ့ကြီးက မြည်တွန်တောက်တီးကာ မာန်အပြည့်နဲ့ ရေသောက်ဖို့ပြင်လေရာ

"ဒီနေရာကနေ ချက်ချင်းထွက်သွားဆိုတာ ခုထိမသွားသေးဘူးလား"

ဖားသူငယ်က ဒေါသတကြီး အော်ဟစ်လိုက်ပြန်တယ်။

ကြာရွက်ပေါ်မှာ မာန်ပါပါဟန်အပြည့်နဲ့ထိုင်ရင်း အော်ပြောလိုက်သံကြောင့် ခြင်္သေ့ကြီးက ပိုပြီးဒေါသထွက်လာကာ အားယူပြီး ထပ်မံဟိန်းဟောက်လိုက်ပြန်တာပေါ့။ ဖားသူငယ်ကတော့ ရေထဲကို ငုပ်လျှိုးသွားပြန်တာပေါ့ကွယ်။

"မင်းလည်း ခြင်္သေ့မင်း၊ ငါလည်း ဖားမင်း၊ ဒီနေရာက ခုထွက်သွားပါ"

ဖားလေးရဲ့အသံက ထပ်မံထွက်ပေါ်လာလိုက်၊ ခြင်္သေ့ကြီးက ဟိန်းဟောက်လိုက်နဲ့ အချိန်တွေ လင့်လာတဲ့အခါ ခြင်္သေ့ကြီးမှာ မောဟိုက်လာခြင်း၊ ပိုမိုဆာလောင်လာခြင်း၊ ပိုမိုဒေါသဖြစ်လာခြင်းတို့ကြောင့် ထပ်ကာထပ်ကာဟိန်းဟောက်တော့တာပေါ့။ ဒီလိုနဲ့ပဲ အချိန်တွေကြာလာတဲ့အခါ ဆင်ခြင်တရားမဲ့ပြီး ဒေါသကြီးရှာတဲ့ ခြင်္သေ့ကြီးခမျာ အော်ဟစ်ဟိန်းဟောက်ရလွန်းလို့ အဆုတ်ကွဲ၊ ရင်ကွဲကာ သေပွဲဝင်ရတော့တာပေါ့ကွယ်။ ဖားလေးကတော့ ကြာဖက်ကြီးပေါ်မှာ မိန့်မိန့်ကြီးထိုင်ရင်း ပြုံးနေတော့သတဲ့။

"အကြမ်းဖက်သော် အမျက်မပြေ" ဘဲ ရေငတ်ကာ အဆုတ်ကွဲပြီး သေပွဲဝင်ရတဲ့ခြင်္သေ့ကြီးရဲ့ ဖြစ်စဉ်တစ်ခုပေါ့ကွယ်။ သားတို့ သမီးတို့၊ မောင်တို့ မယ်တို့လည်း တိုင်းရင်းသားသွေးချင်းတို့ရဲ့စကားပုံတွေထဲက မြန်မာရိုးရာစကားပုံလာ ဖြစ်စဉ်သာဓကကိုအကြောင်းပြုပြီး ဘဝမှာ ဆင်ခြင်တရားအသိပွားကာ လောကကို အလှဆင်နိုင်ကြသူများ ဖြစ်ကြပါစေကွယ်။ ။

# တိုင်းရင်းသားရိုးရာစကားထာဥာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

### စကောကရင်စကားထာ

ရှေးသရောအခါက ရာမညတိုင်းဌာနေရှိ ကျေးလက်တောရွာတစ်ရွာတွင် "ဗညားနှင့် လဂွန်းအိမ်" ဟူသည့် မွန်တိုင်းရင်းသား ဆယ်ကျော်သက်လူငယ် သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားဖြင့် လောကီ၊ လောကုတ္တရာ ပညာရပ်များကို သင်ယူလျက်ရှိပြီး စည်းကမ်းသေဝပ်ကာ စာကြိုးစားကြသူများဖြစ်သည်။

ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီးသည်လည်း မွန်တိုင်းရင်းသားဖြစ်သည်။ စာပေကျမ်းဂန်အရာမှာ ကျွမ်းကျင်နှံ့စပ်ပြီး သင်ကြားပို့ချမှုတွင်လည်း ကောင်းသတင်းဖြင့် ကျော်ကြားသည်။ ဗညားနှင့်လဂွန်းအိမ်တို့သည် အားလပ်သည့်အချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"လဂွန်းအိမ်ရေ ဉာဏ်စမ်းကစားဖို့ အသင့်ဖြစ်ပြီနော်"

"သူငယ်ချင်း အဆင်သင့်ဖြစ်ရင် မေးတော့လေ"

ဗညား၏ပြောစကားကို လဂွန်းအိမ်ကလည်း အလိုက်သင့်ပြန်ပြောလိုက်သည်။

"မေးတော့မယ်တဲ့ မေးတော့မယ်။ မေးတော့မယ်တဲ့ မေးတော့မယ်။ မဖြေနိုင်ရင် ပန်းပေးကွယ်၊ အဖြေတွေက အလွယ်လေးတဲ့ အလွယ်လေး၊ အလွယ်လေး။ စကောကရင် စကားထာဥာဏ်စမ်းထဲကဖြေမှ အဖြေမှန်မယ် သူငယ်ချင်းရေ"

"မေးခွန်းမေးမယ်ဆိုလည်း မေးပါကွာ၊ ဗညားရာ ဟိုလိုလို ဒီလိုလိုတွေ လုပ်မနေပါနဲ့"

လဂွန်းအိမ်က စိတ်မရှည်စွာဖြင့် ပြန်ပြောလိုက်ရာ ဗညားတစ်ယောက် တဟင်းဟင်းဖြင့် သဘောကျကာရယ်မောနေတော့သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"မေးခွန်းမစခင် သူငယ်ချင်းကို အောက်လိုင်းပေးနေတာပါ။ ကဲ မေးပြီကွာ။ 'ခုနစ်နှစ်သေသော်လည်း မျက်စိမမှိတ်ဆိုတာ ဘာလဲ။' ဖြေပေတော့ လဂွန်းအိမ်ရေ"

ဗညား၏ ဉာဏ်စမ်းမေးခွန်းကို လဂွန်းအိမ်က တီးတိုးရေရွတ်ကြည့်ရင်း စဉ်းစားနေသည်။ ခဏအကြာတွင် လဂွန်းအိမ်က ပြုံးပြီးမေးခွန်းကို ဖြေလိုက်သည်။

"အဖြေတွေကတော့ အများကြီးတွေ့ပါတယ်ကွာ။ သူငယ်ချင်းလိုချင်တဲ့အဖြေက စကောကရင်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲက ဆိုတော့ စဉ်းစားရတာပေါ့။ ဒါလည်း အဖြေကရပါပြီ၊ အဖြေမှန်က 'ဒေါင်း' ပေါ့ကွာ၊ ဟုတ်တယ်ဟုတ်"

လဂွန်းအိမ်၏အဖြေစကားကို ဗညားက လက်မထောင်ပြပြီး ဆက်ပြောသည်။

"မှန်ပါတယ် သူငယ်ချင်းရယ်။ ဒါပေမဲ့ ဒီတစ်ခါလည်း ငါပဲမေးခွန်းကို မေးချင်သေးတယ်"

"ရပါတယ် ဗညားရာ။ မေးချင်သပဆိုလည်း မေးပေါ့။ ငါကလည်း ဖြေနိုင်မှာပါပဲ"

လဂွန်းအိမ်က ဗညား၏ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရာ ဗညားလည်း ပိုမိုပျော်ရွှင်သွားတော့သည်။

"ကျေးဇူးပဲ သူငယ်ချင်းရေ၊ မင်းမေးရမယ့် အလှည့်ကို သဘောထားကြီးကြီးနဲ့ ငါ့ကိုဦးစားပေးလိုက်တာ လေးစားတယ်ကွာ။ ငါမေးချင်တာက 'အမိကမည်း သားကဖြူ' ဆိုတာ ဘာလဲကွာ၊ သူငယ်ချင်းဖြေပါဦး"

"ရပါတယ်ဗညားရာ၊ ဒီမေးခွန်းက ပိုတောင်လွယ်နေမလားလို့။ ငါ တစ်ခါတည်းဖြေလိုက်ရင် ကောင်းပ့ါမလားလို့ တွေးနေတာ။ 'အမိကမည်း သားကဖြူ' ဆိုတဲ့မေးခွန်းရဲ့အဖြေကတော့ အမျိုးမျိုးရှိတာပေါ့ကွာ။ သူငယ်ချင်းလိုချင်တဲ့အဖြေက စကောကရင်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲက ဆိုတော့လည်း အဲဒီအုပ်စုထဲက အဖြေကိုပဲ ဖြေလိုက်ပ့ါမယ်။ တိကျသေချာတဲ့အဖြေက 'ထမင်းအိုးနှင့် ထမင်း'ပေါ့ ဗညားရာ၊ ဒါဆိုရင် အဖြေလည်းမှန်၊ သူငယ်ချင်းလည်း ကျေနပ်လောက်ပြီပေါ့နော်"

"ကျေနပ်ပါတယ်။ သိပ်ကိုကျေနပ်တယ်။ အဖြေကလည်း တိကျသေချာတယ်ကွာ။ သူငယ်ချင်းက စာပေအဖတ်များတော့ ဗဟုသုတကြွယ်ဝပြီး သေချာမှန်ကန်အောင်ဖြေနိုင်တာပေါ့၊ အားကျတယ် သူငယ်ချင်းရာ"

"အချင်းချင်း ကပ်မြှောက်မနေပါနဲ့ကွာ။ ဒါဆို ငါမေးရမယ့်အလှည့်ဆိုတော့ မေးခွန်းထုတ်လိုက်ပြီနော်။ 'နွားတစ်ရာ နွားဖားတစ်ချောင်း' ဆိုတာကို ဖြေပေတော့ ဗညားရေ"

လဂွန်းအိမ်၏အမေးကို ဗညားက တွေခနဲ တစ်ချက်စဉ်းစားပြီး အဖြေကိုချက်ချင်းမဖြေသေးဘဲ ဆက်ပြောလိုက်သည်။

"ဒီလိုလေကွာ မေးခွန်းက 'နွားတစ်ရာ နွားဖားတစ်ချောင်း' ဆိုတော့ကွာ ဘာများဖြစ်နေမလားလို့ တွေးမိသေးတယ်။ ဒါပေမဲ့ ငါအောက်လိုင်းပေးထားသလို စကောကရင်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲကပဲဖြေမှ အဖြေကမှန်ကန်တိကျမယ်မဟုတ်လား"

"ဒါပေ့ါသူငယ်ချင်းရယ်၊ မေးခွန်းမမေးခင်ကတည်းက ဥပဒေသစည်းမျဉ်းစည်းကမ်းကို သူငယ်ချင်းပဲ ထုတ်ထားတာလေ၊ လိုက်နာရမှာပေ့ါ ဟင်းဟင်းဟင်း"

လဂွန်းအိမ်က ဗညား၏စကားကို ပြန်ပြောရင်း သဘောတကျ ရယ်မောလိုက်သည်။

"အေးပါကွာ၊ အဖြေမှန်က ရနေပါပြီ။ ဖြေမယ်နော် 'ခေါင်မိုးဝါး ဒါမှမဟုတ် ချင်ဝါး'ဆိုရင် မှန်တယ်မဟုတ်လား။

ဗညား၏ အဖြေစကားကို မှန်ကန်ကြောင်း လဂွန်းအိမ်က ပြန်ပြောစဉ်မှာပင် ဘုန်းကြီးကျောင်းဆီက သံချောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာရာ ဗညားနှင့်လဂွန်းအိမ်တို့နှစ်ဦးသား ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

# ဉာဏ်ပညာကြီးမားတဲ့ လူတစ်ယောက်ဖြစ်ဖို့၊ အသိဉာဏ်မြင့်မားတဲ့ လူတစ်ယောက်ဖြစ်လာဖို့ စာများများဖတ်ဖို့က ရွေးချယ်ခွင့်မရှိတဲ့ တစ်ခုတည်းသောနည်းလမ်းသာ ဖြစ်ပါတယ်

ဒေါက်တာတင်ဘုန်းကျော်

တွေ့ဆုံမေးမြန်း - လင်းရာမ
ဓာတ်ပုံ - ကိုထက်

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်–**

**ဘာသာရပ် – ဘာသာပြန်(သုတ၊ ရသ)**
**စာရေးသူ – ဒေါက်တာတင်ဘုန်းကျော်**
**စာအုပ်အမည် – စူပါပါဝါပြိုင်ပွဲနှင့် AI နည်းပညာ**

“ကိုဗစ်ကာလမှာ ကျွန်တော်အလွန်ဖတ်ချင်နေတဲ့ အအေအိုင်(AI) စာအုပ်တွေ ဖတ်ဖြစ်ပါတယ်။ အဲဒီစာအုပ်တွေထဲမှာ ကျွန်တော်အကြိုက်ဆုံးလည်းဖြစ်သလို မြန်မာစာဖတ်ပရိသတ်တွေနဲ့ အေအိုင်ရင်းနှီးစေဖို့ အသင့်တော်ဆုံးဖြစ်တဲ့ ဒီစာအုပ်ကိုရွေးချယ်ပြီး ဘာသာပြန်ရေးသားဖြစ်တာပါ။ ဒီစာအုပ်မှာ အေအိုင်နည်းပညာရဲ့ သမိုင်းကြောင်းတွေ၊ အခြေခံသဘောတရားတွေ၊ အေအိုင်နည်းပညာနဲ့ တိုက်ရိုက်ဆက်နွယ်ပတ်သက်နေတဲ့ နည်းပညာတွေ၊ အခြားသော ပလက်ဖောင်းတွေ၊ အေအိုင်နည်းပညာရဲ့ လက်ရှိအခြေအနေနဲ့ အနာဂတ်အလားအလာတွေ၊ စူပါပါဝါနေရာလုနေကြတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေက အေအိုင်နည်းပညာကို အပြိုင်အဆိုင်ကြိုးပမ်းကြပုံတွေ၊ အေအိုင်နည်းပညာနဲ့ နိုင်ငံကြီးတွေရဲ့ သမိုင်းကြောင်းနဲ့ ယှဉ်ပြိုင်ခဲ့ကြပုံတွေကို မူရင်းစာရေးဆရာက စိတ်ဝင်စားစရာကောင်းအောင် ရေးသားတင်ပြထားပါတယ်။ ဒီစာအုပ် စရေးဖြစ်တဲ့ အချိန်ကစပြီး ထုတ်ဝေတဲ့အထိ နှစ်နှစ်ကျော်လောက် အချိန်ယူခဲ့ရပါတယ်။

စာတွေဖြစ်ဖြစ်မြောက်မြောက် စရေးခဲ့တာကတော့ ၂၀၁၄ ခုနှစ်လောက်မှာပါ။ စပြီးရေးဖြစ်တဲ့ ဆောင်းပါးကတော့ နိုင်ငံတကာရေးရာကဏ္ဍ ဖြစ်ပါတယ်။ နိုင်ငံတကာရေးရာ၊ နည်းပညာ၊ အတွေးအမြင်၊ ဘာသာရပ်ပိုင်းဆိုင်ရာတွေကို ရေးဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ကျွန်တော်ရေးခဲ့တဲ့ ဆောင်းပါး ၁၇၀ ကျော်ရှိပါပြီ။ ပထမဦးဆုံးစာအုပ် စရေးဖြစ်တာကတော့ ဘာသာရပ်ပိုင်းဆိုင်ရာစာအုပ် ဖြစ်ပါတယ်။ ရုရှားဘာသာနဲ့ အင်္ဂလိပ်ဘာသာ နှစ်ဘာသာနဲ့ ထုတ်ဝေဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအမျိုးသားစာပေဆုရခဲ့တဲ့ စာအုပ်ကတော့ မြန်မာဘာသာနဲ့ရေးထားတဲ့ ကျွန်တော့်ရဲ့ ပထမဆုံးစာအုပ်ဖြစ်ပါတယ်။ ဒုတိယမြောက်စာအုပ်ကို နိုင်ငံတကာရေးရာကဏ္ဍနဲ့ ထုတ်ဝေထားပြီး ဖြစ်ပါတယ်။ တတိယမြောက်စာအုပ်ကိုလည်း ထုတ်ဝေနိုင်ဖို့ စီစဉ်နေပါတယ်။ လာမယ့် ၂၀၂၄ ခုနှစ်ထဲမှာ အတွေးအမြင်ကဏ္ဍပိုင်းနဲ့ နည်းပညာပိုင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာစာအုပ်တွေနဲ့ ဆောင်းပါးတွေလည်း ဆက်လက်ထုတ်ဝေသွားဖို့ ရှိပါတယ်။

ပထမဆုံးပြောကြားလိုတာကတော့ နည်းပညာကိုအခြေခံပြီး ရေးထားတဲ့ စာအုပ်ဖြစ်တာကြောင့် အမျိုးသားစာပေဆုနဲ့ မနီးစပ်ဘူးလို့ တွေးမိပါသေးတယ်။ ဒါပေမဲ့ အခုလိုနည်းပညာကို အသားပေးထားတဲ့ စာအုပ်ကို တခုတ်တရဖတ်ပြီး တန်ဖိုးထားအကဲဖြတ်ပေးတဲ့ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒုတိယတစ်ချက်ကတော့ ကျွန်တော့်ရဲ့ပထမဆုံးစာအုပ်မှာပဲ အမျိုးသားစာပေဆုရခဲ့တာကြောင့် အတိုင်းမသိဝမ်းသာပီတိ ဖြစ်ရပါတယ်။ အထူးသဖြင့် ကိုယ်စိတ်ဝင်တစားလုပ်ကိုင်နေတဲ့ နယ်ပယ်အပေါ်မှာ အသိအမှတ်ပြုခံရခြင်းဖြစ်လို့ ပိုပြီးဂုဏ်ယူရပါတယ်။ နောက်ထပ်စာတွေ ရေးသားနိုင်ဖို့လည်း ခွန်အားတွေ ဖြစ်စေပါတယ်။

ဉာဏ်ပညာကြီးမားတဲ့လူတစ်ယောက်ဖြစ်ဖို့၊ အသိဉာဏ်မြင့်မားတဲ့ လူတစ်ယောက်ဖြစ်လာဖို့ စာများများဖတ်ဖို့က ရွေးချယ်ခွင့်မရှိတဲ့ တစ်ခုတည်းသောနည်းလမ်းသာ ဖြစ်ပါတယ်။ ဒီနေ့ခေတ်က ဖတ်စရာတွေ၊ လေ့လာစရာတွေအလွန်ပေါတဲ့ခေတ်ပါ။ စာဖတ်တာလောဘကြီးတဲ့သူတွေတောင် ဘာရွေးဖတ်ရမှန်းမသိအောင် တန်ဖိုးရှိတဲ့စာတွေ ဖတ်လို့ကိုမနိုင်တဲ့ ခေတ်ပါ။ ဒီလိုတန်ဖိုးရှိတဲ့ခေတ်မှာ လူဖြစ်လာရတဲ့ အခွင့်အရေးကို အသုံးချကြဖို့ လူငယ်တွေကို အားပေးတိုက်တွန်းလိုပါတယ်”ဟု ပြောသည်။

ဒေါက်တာတင်ဘုန်းကျော်အား အဘဦးစန်းဝေ–အမိဒေါ်ခင်စန်းရင်တို့က ၁၉၇၈ ခုနှစ်တွင် ရမည်းသင်းမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းသုံးဦးရှိပြီး ဒုတိယမြောက်ဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် အထက(၂) လှိုင်မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် စစ်တက္ကသိုလ်အမှတ်စဉ်(၄၁)သင်တန်းကို တက်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် သိပ္ပံဘွဲ့(စစ်တက္ကသိုလ်)ကို ရရှိခဲ့သည်။၂၀၀၃ ခုနှစ်တွင် ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခြင်းခံခဲ့ရသည်။၂၀၀၇ ခုနှစ်တွင် Automation & Intelligent Control ဘာသာရပ်ဖြင့် မဟာဘွဲ့ကို ထူးချွန်အဆင့်ရရှိအောင်မြင်ခဲ့ပြီး ပါရဂူဘွဲ့ကို ဆက်လက်သင်ကြားခွင့်ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါရဂူဘွဲ့ကို ရရှိခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်တွင် ရုရှားနိုင်ငံ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော Doctor of Sciences ဘွဲ့ကို မြန်မာနိုင်ငံသားများထဲမှ ပထမဆုံးရရှိခဲ့သည်။



စာရေးဆရာ
ဒေါက်တာတင်ဘုန်းကျော်



စာရေးဆရာမ
စုလှိုင်တင့်

လက်ရှိတွင် တပ်မတော်၌ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးရာထူးဖြင့် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ စာရေးသူသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ စိန်ရတုတပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုဆု(စာပေဆိုင်ရာ)၊ သိပ္ပံပညာထူးချွန်တံဆိပ်(ပထမအဆင့်)၊ စီမံထူးချွန်တံဆိပ်(ပထမအဆင့်)တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

၂၀၁၄ ခုနှစ်တွင် “ရုရှားတို့မမှုတဲ့ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့မှု”ဆောင်းပါးဖြင့် မြန်မာ့စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ စာရေးသူသည် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ပညာရပ်ဆိုင်ရာ အထူးပြုဆောင်းပါးပေါင်း ၅၀ ကျော် ရေးသားထားပြီးဖြစ်သည်။ ရုရှားပညာရှင်များနှင့်ပူးပေါင်း၍ Russian grant Project များတွင် ပါဝင်လုပ်ဆောင်ခဲ့ပြီး သုတေသနရလဒ်များအား “Decision Making in Air Traffic Control”စာအုပ်အမည်ဖြင့် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့်ရေးသားကာ နိုင်ငံတကာသို့ ဖြန့်ဝေနိုင်ခဲ့သည်။

လက်ရှိတွင် နိုင်ငံတကာဘာသာရပ်ဆိုင်ရာ နည်းပညာဂျာနယ်များတွင် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ဆောင်းပါးများကို ဆက်လက်ရေးသားလျက်ရှိပြီး မြန်မာနိုင်ငံမှထုတ်ဝေသော မြဝတီသတင်းစာ၊ သုတအလင်းမဂ္ဂဇင်း၊ သုတကမ္ဘာဂျာနယ်နှင့် TREND ဂျာနယ်များတွင် အတွေးအမြင်၊ နိုင်ငံတကာရေးရာနှင့် နည်းပညာဆိုင်ရာဆောင်းပါးပေါင်း ၁၇၀ ကျော်အား ဒေါက်တာတင်ဘုန်းကျော်၊ ဇော်၊ မင်းသုခကျော်၊ လှိုင်ဘုန်းထက်၊ စွန်ရဲနီ(ရမည်းသင်း) စသည့်ကလောင်အမည်ခွဲများစွာဖြင့် ရေးသားထားပြီးဖြစ်သည်။

လုံးချင်းစာအုပ်များအဖြစ် “စူပါပါဝါပြိုင်ပွဲနှင့် AI နည်းပညာ” စာအုပ်နှင့် “ရုရှားနှာခေါင်းတစ်ဖက်နဲ့ ဥရောပသားတို့ အသက်ရှူခြင်းသို့မဟုတ် အဆုံးအဖြတ်ပေးမယ့်အားစမ်းပွဲ”စာအုပ်နှစ်အုပ်အား ထုတ်ဝေထားပြီး လက်ရှိတွင်လည်း နိုင်ငံတကာရေးရာ၊ နည်းပညာနှင့် အတွေးအမြင်ဆိုင်ရာ စာအုပ်များ ထပ်မံထုတ်ဝေနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**ဘာသာရပ် – သုတ(သိပ္ပံ)**
**စာရေးသူ – စုလှိုင်တင့်**
**စာအုပ်အမည် – ဇီဝအန္တရာယ်ကျရောက်နိုင်ခြေများအား စီမံခန့်ခွဲခြင်း**

“ဒီစာအုပ်မှာ ဓာတ်ခွဲခန်းတွေ အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေမှာ ကျရောက်နိုင်ခြေရှိတဲ့ ဇီဝအန္တရာယ် အပါအဝင် အခြားအန္တရာယ်တွေကို ဘယ်လိုစီမံခန့်ခွဲရမလဲ ဆိုတာကို ရေးသားထားတာ ဖြစ်ပါတယ်။ ကိုဗစ်ကာလလွန်နောက်ပိုင်းမှာ ရေရှည်တိုးတက်အောင်မြင်ရေးအတွက် အသုံးပြုလာကြတဲ့ ဝေါဟာရတစ်ခုရှိပါတယ်။ အဲဒါက Risk and opportunities for improvement ပေါ့။ ဒီစာအုပ်မှာ အန္တရာယ်ကျရောက်နိုင်ခြေ(Risk)နဲ့ပတ်သက်ပြီး ဆန်းစစ်ခြင်းနည်းလမ်းတွေ၊ လျှော့ချရှောင်ဖယ်ခြင်းနည်းလမ်းတွေ စသဖြင့် စီမံခန့်ခွဲရေးစနစ်တစ်ခု ဘယ်လိုတည်ဆောက်ကျင့်သုံးရမလဲဆိုတာကို ဥပမာတွေနဲ့ ရှင်းလင်းရေးသားထားတာ ဖြစ်ပါတယ်။

စာစရေးဖြစ်တာကတော့ ကိုဗစ်ကာလပေါ့။ ကိုဗစ်ကာလမှာ ဓာတ်ခွဲခန်းတွေရဲ့ အရေးပါပုံကို လူတွေပိုသတိထားလာတာနဲ့အမျှ ဓာတ်ခွဲခန်းတွေရဲ့တိုးတက်မှုအတွက် လိုအပ်ချက်တွေလည်း ပိုမိုထင်ရှားလာပါတယ်။ အိမ်မှာ Stayhome ဖြစ်နေတဲ့ ကိုဗစ်ကာလမှာ ဇီဝနည်းပညာကျောင်းသား ကျောင်းသူဟောင်းတွေ ဖေ့စ်ဘွတ်ပေ့ချ်တစ်ခုထောင်ပြီး ဇီဝနည်းပညာဆိုင်ရာဗဟုသုတတွေ မျှဝေဖြစ်ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်မကလည်း ကိုယ်တတ်ထားတဲ့ပညာရယ်၊ နိုင်ငံခြားကရခဲ့တဲ့ အတွေ့အကြုံတွေရယ် ပေါင်းစပ်ပြီးတော့ စာစရေးဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် ဆရာဦးမျိုးဝင်း၊ ဆရာဦးဟန်မျိုးနောင်(ဦးဟန်မျိုးနောင် စာပေတိုက်)တို့နဲ့ ချိတ်ဆက်မိပြီး WSH journal မှာလည်း ဆောင်းပါးလေးတွေ ရေးဖြစ်ပါတယ်။ ဆရာဦးမျိုးဝင်းရဲ့ တိုက်တွန်းအားပေးလမ်းပြချက်အရ ကျွန်မရဲ့ ပထမဆုံးစာအုပ်ဖြစ်တဲ့ ဓာတ်ခွဲခန်းများဆိုင်ရာ အရည်အသွေးစီမံခန့်ခွဲမှုစနစ်နှင့် ဓာတ်ခွဲခန်းဘေးကင်းလုံခြုံရေးစာအုပ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှာ ရေးသားထုတ်ဝေဖြစ်ခဲ့ပါတယ်။ အခုဒီစာအုပ်ကတော့ ဒုတိယမြောက်စာအုပ်ပါ။ အခုလက်ရှိမှာတော့ ကျန်းမာရေးဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေအတွက် အရည်အသွေးစီမံခန့်ခွဲမှုစနစ်နဲ့ ဇီဝဘေးကင်းလုံခြုံရေးဆိုင်ရာ အကြံပေးအနေနဲ့ လုပ်ကိုင်လျက်ရှိပြီး အားလပ်ချိန်မှာတော့ စာရေးဖြစ်ပါတယ်။

မြန်မာနိုင်ငံဓာတ်ခွဲလောကတိုးတက်ရေးအတွက် ရေးရှုပြီးတော့ ရေးသားခဲ့တဲ့စာအုပ်နဲ့ အခုလို အမျိုးသားစာပေဆုရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ရှေ့လျှောက်ပြီးတော့ အသုံးချစာပေတွေ ဆက်လက်ရေးသားဖို့အတွက်လည်း တွန်းအားတစ်ခုရရှိလိုက်သလိုပါပဲ။ စာပေစိစစ်ရွေးချယ်ရေးအဖွဲ့မှ အကဲဖြတ်ပေးတဲ့ ဆရာကြီး ဆရာမကြီး ပညာရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။

စာပေလောကကတော့ အလွန်ကျယ်ပြန့်ပါတယ်။ လူငယ်တွေအနေနဲ့ အခုလို စဉ်ဆက်မပြတ် တိုးတက်နေတဲ့ခေတ်မှာ နှလုံးသားအားဖြည့် ရသစာပေတွေ ဖတ်ရှုသင့်သလို အတွေးအခေါ်ဗဟုသုတအတွက် အသုံးချစာပေတွေလည်း ဖတ်ရှုသင့်တယ်လို့ တိုက်တွန်းအကြံပြုချင်ပါတယ်”ဟု ပြောသည်။

စာရေးဆရာမစုလှိုင်တင့်အား အဘ ဦးအောင်မင်း–အမိ ဒေါ်ပိုးတို့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ၁၉၈၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး မွေးချင်းနှစ်ယောက်အနက် အကြီးဆုံးသမီးဖြစ်ကာ လက်ရှိတွင် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည်။

## လာမည့် နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှု ယခုထက် ပိုမိုတိုးတက်မည်ဟု မျှော်မှန်းထား

ရန်ကုန် နိုဝင်ဘာ ၃၀

လာမည့် နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ပြည်ပခရီးသွားဝင်ရောက်မှုမှာ ယခုထက် ပိုမိုတိုးတက်မည်ဟု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

မြန်မာနိုင်ငံသို့ ခရီးသွားလာရောက်လည်ပတ်မှုများပြားသည့်ကာလများမှာ နှစ်စဉ် အောက်တိုဘာလမှစတင်ကာ ဧပြီလအထိဖြစ်ပြီး ခရီးသွားဝင်ရောက်မှုမှာ လာမည့်နှစ်ဆန်းပိုင်းမှစတင်ကာ များပြားလာမည့် အရိပ်အယောင်များကို မြင်တွေ့နေရသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်မှု ပိုမိုမြင့်တက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပြီး ခရီးစဉ်ဒေသများကိုလည်း ဖော်ဆောင်နေသည်။

“ပြည်ပခရီးသွားတွေနဲ့ ပတ်သက်ပြီး မူလခန့်မှန်းထားတာထက် အများကြီး ကျဆင်းသွားတာမျိုး မဟုတ်ပါဘူး။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လတွေမှာ ထပ်ပြီးမျှော်လင့်နိုင်သေးတယ်”ဟု ဦးနောင်းနောင်းဟန်က ပြောသည်။

ယခုနှစ်ခရီးသွားကာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသူအများစုမှာ ထိုင်းနိုင်ငံဘက်မှဖြစ်ကြောင်း သိရသည်။

“အောက်တိုဘာလကစတင်ပြီး အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ ထိုင်းနိုင်ငံဘက်ကနေ ခရီးသွားတွေ မြင့်တက်လာတယ်။ ဒါပေမဲ့ အရင်ရှိခဲ့တဲ့ အရေအတွက်နဲ့ယှဉ်ရင်တော့ နည်းနေပါသေးတယ်”ဟု ၎င်းက ပြောသည်။

“ကျွန်တော်တို့က ဒီဇင်ဘာလကျရင် ပြည်တွင်းခရီးသွားတွေ များလာမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ကြိုတင်ပြင်ဆင်တာတွေ လုပ်နေပါတယ်”ဟု ပြည်တွင်းခရီးသွားလုပ်ငန်း အေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သစ်တော်

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

စာဖြေသံဃာများရောက်ရှိသည့် ၄-၁၂-၂၀၂၃မှ ၃၀-၁-၂၀၂၄ထိ အောက်ပါနှုန်းထားများအတိုင်း ပြင်ဆင်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀၀/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀၀၀/- | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀၀/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀၀၀/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၁၅၀၀၀၀၀/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၃၀၀၀၀၀၀/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို (၆-၈-၂၀၂၀)မှ စတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851

AYA Bank A/C 40020682989

A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော (၃) လမ်း၊ အမှတ် (၁၀၈) မြေညီထပ် (ယာ)ဖြစ်သော ဧရိယာ (၁၂ ၁/၂ 'x၅၀') အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဖြစ်သော ဒေါ်ခင်ခင်လှ [၁၂/ဒဂန(နိုင်)၀၁၈၄၆၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဆုမြတ်မွန် (LL.B, D.B.L, D.I.L)** **ဒေါ်သူဇာထွေး (LL.B, WIPO Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၀)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၁၈)**

**အမှတ် - ၁၀/၁၂၊ မြေညီထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၄၁၄၅၄၃၀၊ ၀၉-၄၅၀၀၄၄၆၉၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၇-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄)GPဒေါ်လှလှ၏မြေတိုင်းတွင်မြေကွက်အမှတ် ၁၂၂/ကအစားမြေကွက်အမှတ် ၁၂၂/A-ကဟုအမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၇)SPလင်လွင်ချင်(ခ)ဦးစိန်အေး၏အရောင်းမြေပုံကူးတွင်ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ SPအမှတ်-၂၈၆၀၇/၂၀၁၄(၂၂-၁၀-၂၀၁၄)ဟုအမှန်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၄/၃၊ ဦးပိုင်အမှတ်(၁၈၄-ခ)၊ ၂၇x၂၈လမ်းကြား၊ ၅၉လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီဝေ၏ (S.P ရရှိသူ ဦးဝဏ္ဏထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၇၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မျိုးဇာခြည် [၁၂/ဒဂမ(နိုင်)၀၁၄၉၇၁]က အမှုတွဲအမှတ်(၅၈၅၅/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ အကွက်အမှတ် (၁၉၅၊ လုပ်စာကွင်း)၊ ဦးပိုင်အမှတ်(၁၅၃-ဓ၊ ၁၅၄-ဏ၊ ၁၅၄-တ၊ ၁၅၄-ထ၊ ၁၅၄-ပ)၊ ဧရိယာ(၀.၂၇၅) ဧကရှိမြေအား ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ (၁၇)ရပ်ကွက်၊ တိုးချဲ့လမ်းနေ ဦးမျိုးဆက် [၁၄/မမက (နိုင်)၀၀၂၉၈၁]မှ မြေငှားဂရန်အသစ် ရရှိရေးအတွက် မြေပေးမိန့်များ၊ မြေ အရောင်းအဝယ်စာချုပ်များ၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြား လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထား လာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့် ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၁ . N . 2 အထက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၀.၁၀၃)ဧကရှိမြေသည် ဦးမြင့်ငွေး အမည်ဖြင့် (၄-၁၁-၂၀၀၃)မှ (၃-၁၁-၂၀၃၃)ထိ နှစ်(၃၀)မြေငှားဂရန် ရရှိထားပြီး ဦးမြင့်ငွေးထံမှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ (၃)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၃၈)နေ ဦးစိန်သန်း[၁၄/မအပ(နိုင်)၀၀၇၈၃၇]၊ ဒေါ်မြင့်မြင့်သန်း [၁၄/မအပ(နိုင်)၀၁၁၈၁၁]တို့မှ မအူပင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှုးရုံး၏ (၁၃-၁၀-၂၀၂၃) ရက်စွဲပါစာချုပ်အမှတ်(၃၁/၂၀၂၃)ဖြင့် ဝယ်ယူ၍ မြေငှားဂရန် အမည်ပြောင်း ရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ဂရန်မြေနှင့်အဆောက်အဦအရောင်းအဝယ်စာချုပ်နှင့် အခြား လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထား လာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့် အညီ မြေငှားဂရန် အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃) ကမာရွတ်ခရိုင်တရားရုံးတော်၌ ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၅၁ ကွယ်လွန်သူ ဦးဇော်မြင့်၏ ကျန်ရစ်သော ပစ္စည်းအကြောင်း

ဦးဟိန်းသီဟ လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်-၁၄၈နေ ဦးဟိန်းသီဟက ကွယ်လွန်သူဦးဇော်မြင့်၏ သားအရင်းတော်စပ်သည်ဖြစ်၍ ကွယ်လွန်သူ ဦးဇော်မြင့်ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဇော်မြင့်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင်လျှောက်ထားသူဦးဇော်မြင့်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်စာရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကမာရွတ်ခရိုင်တရားရုံး**

## တံဆိပ်ခေါင်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်-၂၁၊ ဦးပိုင်အမှတ်-၇၃၊ မြေဧရိယာ(၀.၁၃၅)ဧက နှင့် အာရ်စီတိုက်(၁)လုံးကို အမည်ပြောင်းဂရန် လျှောက်ထားရန်အတွက် ကျွန်မဒေါ်ရှဒေါ်ခွန်တောင် [၁/မကန(နိုင်) ၀၂၂၃၁၄] အမည်ဖြင့် အခွန်ထမ်းဆောင်ဝယ်ယူထားသည့် တံဆိပ်ခေါင်း တန်ဖိုး(၅၆)သိန်း ပျောက်ဆုံးသွားပါသဖြင့် **လက်ဝယ်ကိုင်ဆောင်ခြင်း၊ အသုံးပြုခြင်းတစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်** အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ရှဒေါ်ခွန်တောင်**
**[၁/မကန(နိုင်)၀၂၂၃၁၄]**
**အမှတ်(၁၂၉/၁၃၀)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့**

## ဒေါ်ခင်မြင့်မြင့် [၁၂/အစန(နိုင်)၁၁၇၀၀၄]သို့ အသိပေးအကြောင်းကြားတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ သီဟိုဠ်ကျောင်းလမ်း၊ အမှတ်(၅)နေ ဒေါ်တင်တင်ဝင်း [၁၁/မဥန(နိုင်) ၀၁၃၄၇၂] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အသိပေးအကြောင်းကြား တားမြစ်အပ်ပါသည် -

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၃၊ စဥ့်ငူရပ်ကွက်၊ သီတာလမ်း၊ မြေကွက်အမှတ် (၆၀၃)၊ မြေအကျယ်အဝန်း အလျား (၃၀) ပေ x အနံ (၁၀၀)ပေရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အဦ(၁)လုံး အပါအဝင် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီလွင် [၁၂/အစန(နိုင်)၁၄၀၅၈၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်းသည် (၂၃-၇-၂၀၂၃)ရက်စွဲပါ နှစ်ဦး သဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်အားချုပ်ဆို၍ ရောင်းဖိုးငွေများ အပြေအကျေပေးချေကာ (၂၃-၇-၂၀၂၃)ရက်နေ့ကတည်းက ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ အဆိုပါ အိမ်နှင့်မြေကို တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအချိန်အထိ လက်ရှိလက်ဝယ် တရားဝင် ပိုင်ဆိုင်လျက်ရှိကြောင်း ညွှန်ကြားပြောဆိုချက်အရနှင့် စာရွက်စာတမ်း အထောက်အထားတို့အရ သိရှိခဲ့ရပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်းမှ ယခုအချိန်အထိ လက်ရှိ လက်ဝယ်တရားဝင် ပိုင်ဆိုင်လျက်ရှိသော အဆိုပါအိမ်နှင့်မြေကို လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ခြံရှေ့တွင် ဗီနိုင်းများ လာရောက်ကပ်ထားခြင်း၊ ခြံဝင်းတံခါးတွင် ကျွန်ုပ်မိတ်ဆွေခတ်ထားသည့် သော့အပေါ်မှ ထပ်မံ၍ သော့ခတ် ခြင်းများပြုလုပ်ခဲ့ကြောင်း ညွှန်ကြားပြောဆို ချက်အရနှင့် မှတ်တမ်းဓာတ်ပုံ အထောက်အထားတို့အရ သိရှိခဲ့ရပါသည်။

၃။ ထို့အတွက်ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်းသည် ၎င်းတရားဝင် လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော အိမ်မြေနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်ခြင်း၊ ဗီနိုင်းကပ်ခြင်း၊ သော့ခတ်ခြင်းများ မပြုလုပ်ရန် (၁၈-၁၁-၂၀၂၃)ရက်စွဲပါ ကြေးမုံနေ့စဉ် ထုတ်သတင်းစာမှနေ၍ အများသိစေရန် အလေးအနက် သတိပေးတားမြစ် ကြေညာခြင်းခေါင်းစဉ်ဖြင့် ထည့်သွင်းကြော်ငြာထားခဲ့ကြောင်းလည်း ညွှန်ကြားပြောဆိုချက်အရနှင့် စာရွက်စာတမ်း အထောက်အထားများအရ သိရှိခဲ့ရပါသည်။

၄။ သို့ဖြစ်ပါ၍ လူကြီးမင်း ဒေါ်ခင်မြင့်မြင့်သို့ အသိပေး အကြောင်းကြား တောင်းဆိုအပ်သည်မှာ ဤကြေညာချက် သတင်းစာမှ ဖော်ပြပါရှိသည့် နေ့ရက်မှစတင်၍(၇)ရက်မြောက်သည့်နေ့/ရက် နောက်ဆုံးထား၍ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဒေါ်တင်တင်ဝင်း တရားဝင်လက်ရှိထား လက်ဝယ် ပိုင်ဆိုင်သော အိမ်နှင့်ခြံရှေ့တွင် လူကြီးမင်း လာရောက်ကပ်ထားသော ဗီနိုင်းများ အား ပြန်လည်ဖြုတ်သိမ်းပေးရန်နှင့် ခြံဝင်းတံခါးတွင် ကျွန်ုပ်မိတ်ဆွေ ခတ်ထားသည့်သော့အပေါ်တွင် လူကြီးမင်းမှ ထပ်မံခတ်ထားသော သော့အား လာရောက်ဖြုတ်ယူပေးပါရန် ထို့အပြင် လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်တင်တင်ဝင်း တရားဝင် လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိ သော အိမ်မြေနှင့်ပတ်သက်၍ ဥပဒေနှင့်မညီသော မည်သည့်ပြုလုပ်မှုမျိုးကို မျှ ထပ်မံမပြုလုပ်ဆောင်ရွက်ခြင်းမပြုရန် အလေးအနက် သတိပေးတားမြစ် အပ်ပါသည်။ လူကြီးမင်းဘက်မှ မည်သည့်အကြောင်းနှင့်မဆို လိုက်နာ ဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ တည်ဆဲဥပဒေများနှင့်အညီ မလွှဲမရှောင်သာ အရေးယူ ဆောင်ရွက်ရပါလိမ့်မည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်ဇင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၂၉၆)**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၁၂၃/၂)၊ မြေကွက်တည်နေရာအမှတ်(၁၂၃/၂)၊ မိုးဇွေလမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအေးမြင့် (MMN-490065)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဦးအေးမြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ဘောဘီအေး (၁၂/ဥကတ(နိုင်)၁၀၂၃၈၃)မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်၊ ၉၀/၂၀၂၃ (၃-၃-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်ဆိပ်ကမ်း၊ ရဲရိပ်သာရပ်ကွက်၊ အမှတ် (၆)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက် ရှိသော Beyond Drink Co., Ltd သည် အောက်ဖော်ပြပါ ကုန်အမှတ် အမည်အမှတ်အသားကိုရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ မူပိုင်ခွင့် အမှတ်တံဆိပ် အဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်-

### အေးစံပယ်စို

**(4/9222/2023)**

Beyond Drink Co., Ltd သည် အထက်တွင် ကပ်နှိပ်ဖော်ပြထားသောကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကိုအသုံးပြု၍ အရည်အသွေးမီ " Coffeemix ၊ White Coffee ၊ Diet Coffeemix ၊ Diet Cereal ၊ Cereal အမျိုးမျိုး ၊ Instant Cereal၊ Instant Calcium Cereal ၊ Vanilla Cereal ၊ Chocolate Cereal ၊ Lemon Tea ၊ Lime Tea ၊ Teamix ၊ Teamate ၊ ကွေကာအုပ် လက်ဖက်ခြောက်၊ အချိုခြောက်၊ လက်ဖက်ရည်၊ အသင့်ဖျော် သောက်နိုင်သော လက်ဖက်ရည်ထုတ် ၊ 2 in 1 , 3 in 1 ကော်ဖီအမျိုးမျိုး " တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံ တဝန်းလုံးတွင် ဖြန့်ချိရောင်းချနေပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစိတ်တဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း တို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မြင့်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၅၉၇၂/၉၃)၊ ဖုန်း-၀၉ ၈၅၉၀၁၁၉၊ ၀၉ ၂၅၂၅၃၈၁၅၇**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်ဆိပ်ကမ်း၊ ရဲရိပ်သာရပ်ကွက်၊ အမှတ် (၆)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက် ရှိသော Delicious Food Ltd သည် အောက်ဖော်ပြပါ ကုန်အမှတ် အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ မူပိုင်ခွင့် အမှတ်တံဆိပ် အဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်-

**Health sure** **(4/9640/2023)**

**Swis Sure** **(4/9641/2023)**

**Milk in black** **(4/9643/2023)**

Delicious Food Ltd သည် အထက်တွင် ကပ်နှိပ်ဖော်ပြထားသောကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ အရည်အသွေးမီ " Coffeemix ၊ White Coffee ၊ Diet Coffeemix ၊ Diet Cereal ၊ Cereal အမျိုးမျိုး ၊ Instant Cereal၊ Instant Calcium Cereal ၊ Vanilla Cereal ၊ Chocolate Cereal ၊ Lemon Tea ၊ Lime Tea ၊ Teamix ၊ Teamate ၊ ကွေကာအုပ်၊ လက်ဖက်ခြောက်၊ အချိုခြောက်၊ လက်ဖက်ရည်၊ အသင့်ဖျော် သောက်နိုင်သော လက်ဖက်ရည်ထုတ် ၊ 2 in 1 , 3 in 1 ကော်ဖီအမျိုးမျိုး ၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ ဘူးနို့ဆီ၊ ရှယ်နို့ဆီ၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး ၊ ပေါင်မုန့်၊ ဝေဖာ၊ Creamer ၊ Cracker, Cheese, Butter, Yogurt, Baking Powder, Spices, Vinegar, Tomato Sauce, Soya Sauce, Condiments " တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံ တဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစိတ်တဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း တို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မြင့်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၅၉၇၂/၉၃)၊ ဖုန်း-၀၉ ၈၅၉၀၁၁၉၊ ၀၉ ၂၅၂၅၃၈၁၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၈၁၅၊ ဦးပိုင်အမှတ်(၁၃-ဆ)/၂၉x၃၀ ကြား၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တာတာ [၉/မရမ(နိုင်)၀၁၃၁၉၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၇၈၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝင်းသက်အောင် [၅/မရန(နိုင်)၀၁၆၉၁၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဌာနအခေါ် မြေတိုင်းရပ်ကွက်အမှတ် -၄၅၊ မြေကွက်အမှတ်-၁၂၊ အရပ်အခေါ် အမှတ်(၁၂)၊ ကြေးတိုင်လမ်း။ ၄၅ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဧရိယာ (၀.၀၅၆) ဧက၊ (၂၄၆၀)စတုရန်းပေအကျယ်ရှိ ဦးဦးမြင့် (ကွယ်လွန်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်သူ ဦးစောနောင် [၁၂/စခန(နိုင်)၀၂၀၈၈၄] ထံမှ ဒေါ်ခိုင်နှင်းဝေ [၁၃/လရန(နိုင်)၁၀၃၂၇၈]နှင့် ဦးဝေလင်းဖြိုး [၉/တသန(နိုင်) ၁၁၂၈၃၁]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်နှင်းဝေ နှင့် ဦးဝေလင်းဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း- ၀၉-၅၄၀၁၉၄၀** | **ဖုန်း- ၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ် - ၁၆၅၊ ပထမထပ်၊ ၃၈ လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီလမ်း၊ ၈-မိုင်၊ အမှတ်(၉/A)၏ မြေကွက်ပိုင်ရှင် ဦးမြတ်ဇာနည်ရင် [၁၂/မရက(နိုင်)၁၃၉၄၁၉]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ မင်းနန္ဒာလမ်းမကြီး၊ အမှတ်(၇၄)ရှိ PIN MYINT YAN Construction Co.,Ltd မှ တာဝန်ရှိသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

လူကြီးမင်း ဦးမြတ်ဇာနည်ရင်သည် ကျွန်ုပ်မိတ်ဆွေ ဖွင့်လှစ်ထားသော PIN MYINT YAN Construction Co.,Ltd နှင့် "(၁၈-၁-၂၀၂၃)နေ့စွဲပါ မြေပိုင်ရှင်မှ (၂)ထပ်အမိုး၊ Slab RC တိုက်သစ်(၁)လုံး ဆောက်လုပ်ရန်အတွက် PIN MYINT YAN Construction သို့ လုပ်ငန်းအပ်နှံခြင်း နှစ်ဖက်သဘောတူကတိစာချုပ်"ချုပ်ဆို၍ လူကြီးမင်းပိုင်ဆိုင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီလမ်း၊ (၈)မိုင်၊ အမှတ်(၉/A)၏ မြေကွက်ပေါ်တွင် (၂၆ပေx ၄၂ပေ)ရှိ (၂)ထပ် RC တိုက်သစ်(၁)လုံးအား PAE စနစ်ဖြင့် ဆောက်လုပ်ရန်အပ်နှံခဲ့သဖြင့် PIN MYINT YAN Construction မှ (ကုမ္ပဏီမှတ်ပုံတင်အမှတ် – 119034930)ဖြင့် လက်ခံလုပ်ကိုင်ပေးခဲ့ရာ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့ ချုပ်ဆိုထားသော (၁၈-၁-၂၀၂၃)နေ့စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်၏ စာမျက်နှာ(၈)ရှိ လုပ်ငန်းပြီးစီးမှုအပေါ် ငွေပေးချေရမည့် ရာခိုင်နှုန်း ဇယားပါအတိုင်း လုပ်ငန်းများပြီးစီးအောင်မြင်၍ အချောထည်လုပ်ငန်း (ရေ၊ မီး၊ ဆေး) စတင်လုပ်ကိုင်ရန် အဆင့်သို့ရောက်ရှိပြီးဖြစ်ပါသည်။

ယင်းအဆင့်လုပ်ကိုင်ရာတွင် ထပ်မံကုန်ကျမည့် စရိတ်များအား ပေးအပ်ရန်လူကြီးမင်းထံသို့ (၁၇-၆-၂၀၂၃)နေ့စွဲပါ ငွေတောင်းခံလွှာပေးပို့၍ တောင်းခံခဲ့သော်လည်း ပေးအပ်ခဲ့ခြင်းမရှိသောကြောင့် (၁၄-၇-၂၀၂၃) နေ့စွဲပါ အကြောင်းကြားစာနှင့် (၁၀-၈-၂၀၂၃)နေ့စွဲပါ အကြောင်းကြားစာများပေးပို့၍ လုပ်ငန်းပြီးစီးအောင်မြင် စွာလုပ်ကိုင်နိုင်ရန် အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းမှ တစ်စုံတစ်ရာပြန်လည်ဆက်သွယ်အကြောင်း ပြန်ကြားခဲ့ခြင်းမရှိပါ။

ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီမှ လူကြီးမင်းအား စောင့်ဆိုင်းနေသော ကာလအတွင်း ဆောက်လုပ်ရေးဝန်ထမ်းများအား ငွေများပေးအပ်ရသဖြင့် ကုန်ကျစရိတ်များစွာ ကုန်ကျခဲ့သည့်အပြင် စောင့်ဆိုင်းနေသောကာလ အတွင်း လူကြီးမင်းမှ ဆက်သွယ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သောကြောင့် လုပ်ငန်းအပ်နှံစဉ် ချုပ်ဆိုခဲ့သော (၁၈-၁-၂၀၂၃)နေ့စွဲပါ သဘောတူကတိ စာချုပ် စဉ်(၁၅)ပါ အချက်အား ဖောက်ဖျက်သူမှာ လူကြီးမင်း ဦးမြတ် ဇာနည်ရင်သာဖြစ်ကြောင်း၊ ကုမ္ပဏီဘက်မှ နစ်နာမှုများအား ပြန်လည် ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လုပ်ငန်းအား ဆက်လက်လုပ်ကိုင်လိုပါက ဆောက်လုပ်ရာတွင် ကုန်ကျမည့်စရိတ်များအား အသစ်ပြန်လည်သတ်မှတ်၍ ပေးအပ်မှသာ လုပ်ကိုင်ပေးမည်ဖြစ်ကြောင်းနှင့် လူကြီးမင်း ဦးမြတ် ဇာနည်ရင်၏ ပျက်ကွက်မှုကြောင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရသည်ကို ကျွန်ုပ် မိတ်ဆွေ၏ PIN MYINT YAN Construction Co.,Ltd အပေါ် ဂုဏ်သိက္ခာ ကျစေမည့် အပြုအမူ၊ အပြောအဆိုများအား လူကြီးမင်းအနေဖြင့် လုံးဝ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်း ဦးမြတ်ဇာနည်ရင် နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**PIN MYINT YAN Construction Co.,Ltd မှ တာဝန်ရှိသူများ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**

| | |
|---|---|
| **ဒေါ်ခြိမ့်ယွန်းဆက်** | **ဒေါ်ဂျာရိန်အောင်ဘူ** |
| **(LL.B)** | **(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၉၉၅၁)** | **(စဉ်-၅၅၅၆၀)** |

**အမှတ်- ၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊**
**၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**09-778434507, 09-772766716**

## ပတ်စ်ပို့ပျောက်

စစ်တွေမြို့နယ်၊ ကြို့တဲရွာ (ဘ) ဦးအောင်စိုးညွန့်၏သား မောင်အောင်ဆန်းလင်း [၁၁/စတန(နိုင်) ၀၉၄၂၃၃]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-**
**၀၉-၄၅၉၆၇၃၈၂၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၆၈၊ ဦးပိုင်အမှတ် (၅၁) / ၃၂x၃၃ ကြား၊ ၈၇-C လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ပြာဖြိုးဝေအောင် [၅/ဗမန(နိုင်)၀၄၆၉၈၇]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၀၆၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်သန်းရီ [၁၀/မဒန (နိုင်) ၁၀၄၄၆၅]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၇၊ ဦးပိုင်အမှတ်(၇၆)/၃၃ လမ်း၊ ၇၄x၇၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်သီတာညွန့် [၅/ဝလန(နိုင်)၀၀၀၄၅၃]၊ ဒေါ်သူဇာညွန့် [၉/မရမ (နိုင်)၀၆၂၂၉၆]၊ ဒေါ်နွဲ့နွဲ့ညွန့်(ခ)နီလာညွန့် [၉/မရမ(နိုင်)၀၆၂၂၉၇]၊ ဒေါ်လီလီညွန့် [၉/မရမ(နိုင်)၀၆၂၂၉၈]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၂၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခေမာရာ(ချ်) [၉/မကန (နိုင်) ၀၆၃၇၄၁]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်- ၁ ရပ်ကွက်၊ အကွက်အမှတ် အပိုင်း(၅-ခ)၊ ဦးပိုင်အမှတ် (၆၄)၊ ၆၆x၆၇ လမ်းကြား၊ ၃၈ (အေ)လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ခင်ဝေ၏ (S.P ရရှိသူ ဒေါ်ဇာခြည်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၆၃၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နွယ်စိုး [၉/မရမ(နိုင်) ၀၅၅၃၈၄]က အမှုတွဲအမှတ်- ၅၈၅၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၇၊ မြေကွက်အမှတ်- ၈၂၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်ဦး (ZLN-၀၀၀၄၂၇) [၁၂/တကန(နိုင်)၀၀၂၉၄၇] အမည်ပေါက်လျက်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကြီးအနက်မှ **တရားဝင် မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ (ဘယ်ဘက်ခြမ်း) (မြေကွက်အမှတ်- ၈၁ ကပ်လျက်အခြမ်း)ရှိ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၈၂၊ စံပယ်လမ်း၊ (၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်**အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်အရ ဝယ်ယူထားသူ ရောင်းသူ **ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်)၁၅၄၆၀၄]**မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၈၂၊ မြေကွက်အမှတ်- ၇၃၀၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ် မြေကွက်သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်သာ (AT-၀၁၅၈၅၆) [၁၂/မဂဒ(နိုင်)၀၁၄၂၃၆] အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကြီးအနက်မှ **တရားဝင် မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ (ခေါင်းရင်းဘက်ခြမ်း)(မြေကွက်အမှတ်- ၇၃၁ ကပ်လျက်အခြမ်း)ရှိ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၇၃၀၊ မေတ္တာ (၅)လမ်း၊ (၈၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်အရ ဝယ်ယူထားသူ ရောင်းသူ **ဦးအာလကူး [၇/ကဝန(ပြု)၀၀၂၀၉၆]**မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဘုမ္မာ(၁၈)လမ်း၊ အမှတ်(၁၂၇၇/ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ စတုရန်း ၁၂၀၀ ပေရှိ မြေနှင့်နေအိမ်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်ဇာဝင်း [၁၂/ကမတ(နိုင်) ၀၅၆၈၀၂] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာသန်း(၁၁/စတန(နိုင်)၀၇၂၇၄၃)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊**
**(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၊ လူနေရပ်ကွက်အမှတ်- ဗိုလ်ထွန်းဖဲ၊ မြေကွက်အမှတ် (၂၈၃)၊ အကျယ်အဝန်း (၂၅'x၅၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၃၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်မှာ ဒေါ်စန်းစန်းအေး [၁၂/ဗတထ (နိုင်)၀၁၅၁၀၅]မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသည့် မြေနှင့်အိမ်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်သည့် အထက်ပါမြေနှင့် အိမ်အား ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် မြေပုံ မြေရာဇဝင်ကူးယူခြင်း၊ အမည်ပြောင်းလဲခြင်းများအပါအဝင် ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းများအား မပြုလုပ်ရန်နှင့် ပြုလုပ်သူမည်သူကိုမဆို တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမင်းဆွေ** | **ဒေါ်နှင်းဝေအောင်** | **ဒေါ်နီနီအောင်** |
| **(B.A, R.L)** | **(LL.B,D.B.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၂၀၂၁)** | **(စဉ်-၁၀၉၃၈)** | **(စဉ်-၃၈၀၂၃)** |

**အမှတ်- ၈၃၊ အခန်း- ၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၉၆၃၇၈၊ ၀၉-၉၇၅၁၉၆၃၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် B-၁၁၊ ဦးပိုင်အမှတ်(၂)အရှေ့ခြမ်းခဲစင်း/ ၅၄ လမ်း x ၃၁ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လောဆုံ [၉/မရတ(ပြု)၀၀၀၀၀၁]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၇၅/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းလှိုင် [၁၃/လရန(နိုင်)၁၂၈၁၃၉]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၇၊ ဦးပိုင်အမှတ်(၇၇)/၃၃ လမ်း၊ ၇၄x၇၅ လမ်းကြားရှိ ဒေါ်သီတာညွန့်၊ ဦးစိုးညွန့်၊ ဒေါ်သူဇာညွန့်၊ ဒေါ်နွဲ့နွဲ့ညွန့်(ခ)နီလာညွန့်၊ ဒေါ်လီလီညွန့် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၃၆၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်သီတာညွန့်[၅/ဝလန(နိုင်)၀၀၀၄၅၃]၊ ဒေါ်သူဇာညွန့်[၉/မရမ(နိုင်)၀၆၂၂၉၆]၊ ဒေါ်နွဲ့နွဲ့ညွန့်(ခ)နီလာညွန့်[၉/မရမ(နိုင်)၀၆၂၂၉၇]၊ ဒေါ်လီလီညွန့်[၉/မရမ(နိုင်) ၀၆၂၂၉၈]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၃၂၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်း ခံရသူ ဒေါ်မာလာ[၁၂/ဗတထ(နိုင်)၀၃၂၀၆၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၃)၊ လမ်း ၂၀၊ ၆၄ လမ်းထောင့်ရှိ ဦးပိုင်အမှတ်၊ (၄၆)၊ မမိ အမည်ပေါက် အခလွတ်ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ် (၄၇)၊ ဦးဘိုးရာ အမည်ပေါက် အခလွတ် ဂရန်မြေကွက်တို့အား၊ ဦးဘိုးရာ (လူပျိုကြီးဘဝ)ဖြင့် လည်းကောင်း၊ (မိခင်) ဒေါ်မိ (ဖခင်)ဦးလူလေးတို့ အသီးသီးကွယ်လွန်၍ (သမီး) ဒေါ်လှရင်နှင့် (သား) ဦးတင်ထွေးတို့ ကျန်ရစ်ခဲ့ပြီး၊ ဒေါ်လှရင်သည် ဦးကစ္စနားနှင့် အိမ်ထောင်ကျပြီး (သမီး) ဒေါ်နီနီကိုလည်းကောင်း၊ ဦးတင်ထွေးသည် ဒေါ်ခင်စိန်နှင့် အိမ်ထောင်ကျပြီး ဒေါ်ခင်မာဦး ပါ (၉)ဦးကိုလည်းကောင်း အသီးသီးမွေးဖွားခဲ့ပါသည်။ (မိခင်)ဒေါ်လှရင် (ဖခင်)ဦးကစ္စနား (ဖခင်) ဦးတင်ထွေး (မိခင်) ဒေါ်ခင်စိန် (သား) ဦးရဲဝင်းဦး (လူပျိုကြီးဘဝ)ဖြင့်လည်းကောင်း အသီးသီးကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၄၅၃/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများဖြစ်သော ဦးပွင့်ဦး [၉/မနမ(နိုင်) ၀၅၆၆၂၅]က မိမိကိုယ်တိုင်နှင့် ဒေါ်နီနီ [၉/မနမ(နိုင်)၀၉၈၂၈၈]၊ ဒေါ်ခင်မာဦး [၉/မနမ(နိုင်)၀၅၆၄၈၅]၊ ဦးအောင်ကျော်ဦး [၉/မနမ(နိုင်) ၀၆၅၄၀၆]၊ ဒေါ်သန္တာဦး [၁၃/လရန(နိုင်)၀၀၈၄၉၇]၊ ဒေါ်ဥမ္မာဦး [၉/မနမ(နိုင်)၀၅၆၅၄၅]၊ ဦးရဲလင်းဦး [၉/မနမ(နိုင်)၀၅၆၅၄၂]၊ ဦးရဲထွဋ်(ခ) ရဲထွဋ်ဦး MDYNW-၀၃၁၂၂၃၊ ဒေါ်နီလာဦး [၉/မနမ(နိုင်)၀၀၇၀၂၀]တို့၏ GP ရသူတို့က အခလွတ်ဂရန်စာချုပ်မှာ လက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်းရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ်- ၅၈၇၀/၂၀၂၃-၂၀၂၄ ဖြင့် အမျိုးအစား ပြောင်း/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မစုစန္ဒာထွန်း (၁၂/မဘန(နိုင်)၁၄၄၀၄၀)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အခန်း- ၁၅၀၂၊ (၁၅)လွှာ၊ ဒိုင်းမွန်းကွန်ဒို၊ တာဝါဘီနေ **STUDY ABROAD Information Centre မှ MD** ဒေါ်လွင်လွင်အောင် [၁၂/လမတ(နိုင်)၀၂၅၄၅၀]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်လွင်အောင်သည် (၂၇-၁၂-၂၀၁၄)နေ့စွဲဖြင့် မစုစန္ဒာထွန်း [၁၂/မဘန(နိုင်)၁၄၄၀၄၀] (ဘ) ဦးစိုင်းကိုကိုထွန်း ကို **STUDY ABROAD Information Centre** တွင် စတင်အလုပ်ခန့်အပ်ခဲ့ပါသည်။ (၁၇-၁၁-၂၀၂၃)နေ့တွင် မစုစန္ဒာထွန်းသည် **STUDY ABROAD Information Centre** ရုံး၏ တာဝန်ရှိသူများအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ ရုံး၏နာမည်အား အလွဲသုံးစားပြုလုပ်ပြီး ကျောင်းအပ်နှံထားသော ကျောင်းသား/သူ အမြောက်အမြားထံမှ ငွေကြေးများကို တောင်းယူပြီး မစုစန္ဒာထွန်း၏ ကိုယ်ကျိုးအတွက် အသုံးပြုရန် ၎င်းမှ **STUDY ABROAD Information Centre ၏ Bank** အကောင့်သို့ ငွေလွှဲခိုင်းခြင်းမဟုတ်ဘဲ အခြားသူ၏အမည်ဖြင့် ဘဏ်အကောင့်ထဲသို့ ငွေအမြောက်အများလွှဲခိုင်းပြီး မစုစန္ဒာထွန်း၏ကိုယ်ကျိုးအတွက် သုံးစွဲခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။ ထို့ကြောင့် **STUDY ABROAD Information Centre** နှင့်ပတ်သက်၍ ကျောင်းအပ်နှံထားသော ကျောင်းသား/သူများသည် **STUDY ABROAD Information Centre** ၏ ဘဏ်အကောင့်မဟုတ်သော အခြားလူပုဂ္ဂိုလ်တစ်ဦးဦး၏ ဘဏ်အကောင့်သို့ ငွေလွှဲခဲ့ခြင်းများ ပြုလုပ်သူများအားလုံးကို **STUDY ABROAD Information Centre** မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မစုစန္ဒာထွန်းနှင့်ပတ်သက်၍ ၎င်းမှ ငွေလွှဲခိုင်းထားသော **STUDY ABROAD Information Centre** နှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားသော အမည်ဖြင့် ဘဏ်အကောင့်များသို့ ငွေလွှဲခြင်း၊ ငွေကြေးဆိုင်ရာ အရှုပ်အရှင်းများအားလုံးကို မစုစန္ဒာထွန်းနှင့်သာ ဖြေရှင်းရန်ဖြစ်ပြီး **STUDY ABROAD Information Centre** နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ မစုစန္ဒာထွန်း [၁၂/မဘန(နိုင်) ၁၄၄၀၄၀]အား (၁၇-၁၁- ၂၀၂၃)နေ့တွင် **STUDY ABROAD Information Centre** ရုံးမှ အစည်းအဝေးမှတ်တမ်းဖြင့် ရုံး၏တာဝန်ရှိသူဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်ကြောင်းနှင့် ယနေ့မှစ၍ မစုစန္ဒာထွန်း၏ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပြုလုပ်မှုများအားလုံးသည် **STUDY ABROAD Information Centre** နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၇)**
**အမှတ်-၅၆၅၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဘားလမ်းထောင့်၊**
**MAC တာဝါ၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၄၁၈၁၃၆၂၊ ၀၉-၅၁၀၇၅၉၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်...**

❖ **ငယ်စဉ်ဘဝထဲက စာကောင်းပေမွန်များ ဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံ စိတ်ဓာတ်ကောင်းများလည်း ရရှိစေမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်)(၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ယနေ့ ဖတ်စရာ

**ဂူဂဲလ်စာမျက်နှာများတွင် သတင်းများဖော်ပြမှုအပေါ် လျော်ကြေးပေးဆောင်ရန် ကနေဒါအစိုးရနှင့် အမေရိကန် နည်းပညာကုမ္ပဏီ ဂူဂဲလ်တို့ သဘောတူညီ**

စာမျက်နှာ » ၁၃

**ညောင်လေးပင် ပုဇွန်မြောင်းရွာမှ လျှပ်စစ်မီးကြိုးများအား တပ်မတော်က ဖြတ်ယူရောင်းစားနေဟု သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

**သွေးသားတော်စပ်မှုကို တိကျစွာခေါ်ဝေါ်ရသော ချိုချင်းဓလေ့**

စာမျက်နှာ » ၁၈

## AFC Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အဝေးကွင်း၌ ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၃၀

၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၅)အဖြစ် ဩစတြေးလျကလပ် မက်ကာသာအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် နိုဝင်ဘာ ၃၀ ရက်က ထိုင်းနိုင်ငံရှိ BG Stadium ၌ ယှဉ်ပြိုင်ကစားရာ မက်ကာသာအသင်းက လေးဂိုးပြတ် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းကို အနိုင်ကစားခဲ့သည့် မက်ကာသာအသင်းသည် နောက်တစ်ဆင့် တက်ရောက်ရန် မျှော်လင့်ချက်ရှိလာသည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳


မက်ကာသာအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁) ဆက်လက်ကျင်းပမည်


ရှမ်းယူနိုက်တက်အသင်း ကစားသမားများကို တွေ့ရစဉ်။

ရန်ကုန် နိုဝင်ဘာ ၃၀

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)ကို ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ်(၂၁)အဖြစ် ဒီဇင်ဘာ ၁ ရက်တွင် သုဝဏ္ဏကွင်း၌ ရေဝတီအသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် အား/ကာသိပွဲအသင်း၊ ဒီဇင်ဘာ ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဒဂုံစတားအသင်း၊ ဒီဇင်ဘာ ၄ ရက်တွင် YUSC ကွင်း၌ မြဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၂၀)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၅၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၇ မှတ်၊ ဟံသာဝတီအသင်းက ၃၄ မှတ်၊ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖